# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၁၀၅)


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ထိုင်းနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများအတွက် CI သက်တမ်းတိုးစခန်းများ ခရိုင်ငါးခုတွင် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ထိုင်းနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ အနက် အထောက်အထားမရှိသူများကို တရားဝင်နေထိုင်လုပ်ကိုင်နိုင်ရန် ထိုင်းနိုင်ငံ စမုစခွန်ခရိုင်၊ စမုပရာကန်ခရိုင်၊ ချင်းမိုင်ခရိုင်၊ ချွန်ဘူရီခရိုင်၊ ရနောင်းခရိုင်တို့တွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) သက်တမ်းတိုးစခန်း ငါးခုဖွင့်လှစ်၍ ဇန်နဝါရီ ၁၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ အလုပ်သမားဦးရေ ကျား ၄၂၆ ဦး၊ မ ၃၅၇ ဦး၊ စုစုပေါင်း ၇၈၃ ဦး CI သက်တမ်းတိုးစာအုပ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁ ❍*



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၊ MRTV News Channel ၊ MWD Channel၊ MWD Variety Channel ၊ MITV၊ MOI Website ၊ MOI Youtube ၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ မန္တလေး FM ၊ ပဥ္စဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM ၊ ချယ်ရီ FM နှင့် ပုဂံ FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


ယနေ့ ဖတ် စ ရာ

ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်း သင်ခန်းစာများ (၃) ဆောင်းပါး စာ - ၆

ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် အဖွဲ့များက ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုများကျူးလွန် ပြည်တွင်းသတင်း စာ - ၉

## ရန်ဟူသမျှ ကာကွယ်တွန်းလှန်နိုင်သည့် စွမ်းအား

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အကန့်အသတ်၊ အတားအဆီးများ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ရခြင်းနှင့် ကပ်ရောဂါကူးစက်ပျံ့နှံ့မှုနှင့်စပ်လျဉ်း၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည်တို့ ဆုတ်ဆိုင်းကျဆင်းရခြင်းဟူသော အကြောင်းတရား၊ နိုင်ငံရေးအပြောင်းအလဲများကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားမှုများ၊ ရပ်ရွာအေးချမ်းသာယာရေး ပျက်ပြားမှုများဟူသော အကြောင်းတရား။ ယင်းအကြောင်းတရား နှစ်ရပ်တို့မှာ မြန်မာပြည်သူတို့၏ နေ့စဉ်ဘဝများတွင် နတ်ဆိုးများသဖွယ် အနှောင့်အယှက်ပြုနေကြသည်။

ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများကို ထိန်းချုပ်လာနိုင်ပြီး စီးပွားရေးယန္တရားများ ပြန်လည်လည်ပတ်လာနိုင်ရေး ကြိုးပမ်းမှုများစတင်ချိန်တွင် နောက်ထပ် ကိုဗစ်-၁၉ မျိုးဗီဇသစ်က ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် အရှိန်အဟုန်ဖြင့် ထပ်မံ၍ ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပေါ်လာသည်။ အချိန်တိုအတွင်းမှာပင် အိုမီခရွန်အမည်ရှိ ယင်းမျိုးဗီဇအသစ် ကိုဗစ်-၁၉ ရောဂါက မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဆီသို့ ရောက်ရှိလာသလို ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များဖြင့် ပြည်ပမှ ပြန်လာသူများမှတစ်ဆင့် ပြည်တွင်းသို့ ရောက်ရှိလာသည်။ လက်ရှိအချိန်အထိ အိုမီခရွန်ကူးစက်ခံထားရပြီး ပြန်လည်ဝင်ရောက်လာသူ နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို စစ်ဆေးတွေ့ရှိ၍ စောင့်ကြည့်ကုသမှုများ ပြုလုပ်ပေးနိုင်နေဆဲဖြစ်သော်လည်း မည်သည့်အချိန်တွင် ပြည်တွင်းကူးစက်မှု ဖြစ်ပေါ်လာမည်လဲဟု သတိပြုစောင့်ကြည့်ကြရဦးမည်ဖြစ်သည်။ အိုမီခရွန်ကို အကြောင်းပြု၍ ခရီးသွားလာမှုများ၊ လူအများစုဝေးမှုများတွင် ကန့်သတ်မှုများ ဆက်လက်ပြုလုပ်ရဦးမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများတွင် အနည်းနှင့်အများ တုံ့ဆိုင်းလေးလံနေဦးမှာဖြစ်သည်။ ယင်းအချက်က ပြည်သူများ၏ နေ့စဉ်ဘဝများအပေါ်တွင် အတိုင်းအတာတစ်ရပ်အထိ ထိခိုက်မှုဖြစ်ပေါ်စေသည်။

ဒုတိယမြောက်အချက်မှာ အကြမ်းဖက်မှုများ၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားမှုများဖြစ်ပြီး အကြမ်းဖက်အားပေးသူများ၊ နိုင်ငံရေးအစွန်းရောက်များ၊ ပြည်ဖျက်မီဒီယာများက နိုင်ငံကို ပျက်စီးရာပျက်စီးကြောင်း တွန်းအားပေး မီးမွှေးနေကြခြင်းဖြစ်သည်။ ရပ်ရွာများအတွင်း မဟုတ်မမှန်သတင်းများ၊ သတင်းတုသတင်းယောင်များမှာ ဆိုရှယ်မီဒီယာများမှတစ်ဆင့် ပျံ့နှံ့နေကြရာ ပြည်သူများအတွင်း ထင်ယောင်ထင်မှားဖြစ်ကြရသည်။ သတင်းအချက်အလက်မှန်များကို ရရှိမှသာ ပြည်သူများအနေဖြင့် မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်မည်ဖြစ်သော်လည်း သတင်းအတုအယောင်များကိုသာ ရရှိနေကြသည့် အလျောက် ဇဝေဇဝါ အထိတ်တလန့်ဖြစ်ကြရသည်။ ဥပမာအားဖြင့် မြို့ပေါ်တိုက်ပွဲများ၊ ပြည်တွင်းစစ်များ ဖြစ်လာတော့မည်ဖြစ်သည့်အတွက် လိုအပ်သည်များ စုဆောင်းထားရှိရန်၊ တိမ်းရှောင်နိုင်ရေး ပြင်ဆင်ထားရန် စသည့် ခြောက်လုံး၊ လှန့်လုံးများပင် ဖြစ်သည်။ မြန်မာပြည်သူတို့ အသုံးများသည့် လူမှုကွန်ရက်ပေါ်တွင် နိုင်ငံပျက်စီးအောင် ချောက်တွန်းနေကြသူအများစုမှာ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသူများ၊ အကောင့်အတုများကို သုံးစွဲ၍ မဟုတ်မမှန်ဖြန့်ဝေရေးသားနေသည့် မသမာသူများသာဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့် ကပ်ရောဂါသည်လည်းကောင်း၊ အကြမ်းဖက်မှုများသည်လည်းကောင်း ပြည်သူတို့၏စွမ်းပကားဖြင့် တားဆီးကာကွယ်နိုင်၊ ဖြိုခွဲရှင်းလင်းနိုင်သည့် အရာများသာဖြစ်သည်။ ပြည်သူတစ်ဦးချင်းစီက ကပ်ရောဂါကိုလည်း ကာကွယ်၊ အကြမ်းဖက်မှုများကိုလည်း မလိုလားသည့် ဆန္ဒဖြင့် ဆန့်ကျင်တွန်းလှန်ဖယ်ရှားကြခြင်းဖြင့် ပြည်သူအားလုံး စုစည်းမိသောအခါ ကြီးမားသည့် စွမ်းအားဖြစ်ပေါ်လာသည်။ ပြည်သူ့စွမ်းအားသည်သာ နိုင်ငံကို ကာကွယ်ခြင်း၊ နိုင်ငံကို တည်ဆောက်ခြင်းတို့အတွက် အဓိကကျသည့် စွမ်းအားဟု ခံယူပါကြောင်း။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၂

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ တွန်းဇံမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ၀.၀၈ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## ဥပဒေဘာသာပြန်ကော်မရှင် အမိန့်အမှတ် ၁ / ၂၀၂၂ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေဘာသာပြန်ကော်မရှင်
အမိန့်အမှတ် ၁ /၂၀၂၂
၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ ဥပဒေဘာသာပြန် ကော်မရှင်က အတည်ပြုသည့် အောက်ပါအင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်ကို ပုဒ်မ ၁၂ အရ ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Land Customs Act
(ခ) The Legal Representatives Suits Act
(ဂ) The Arbitration (Protocol and Convention) Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ဒေါက်တာသီတာဦး)
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၂-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 2 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 3 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 4 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 5 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 6 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 7 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 8 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma–waddy |
| 9 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 10 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် လူ့ရှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဇန်နဝါရီ ၁၂

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၄၉) ကို ဇန်နဝါရီ ၁၄ ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ပွဲစဉ် (၄၉) ၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို တေးသံရှင် ရဲထိုက်နှင့် ယဉ်လတ်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇန်နဝါရီ ၁၄ ၊ ၁၅၊ ၁၆ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ (၆) နာရီ သတင်းအပြီးတွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ခရီးသွားကဏ္ဍသည်လည်း ပြန်လည် လည်ပတ်

ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းသွားပြီဖြစ်သဖြင့် ခရီးသွားကဏ္ဍသည်လည်း ပြန်လည် လည်ပတ်လာပြီး အဆိုပါ လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများအားလုံးနီးပါး ပုံမှန်ပြန်လည် လည်ပတ်လာပြီဖြစ်ကြောင်း၊ သို့သော် အချို့သော လုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကန့်သတ်ချက်များကြောင့် ထိန်းသိမ်းဆောင်ရွက်နေရခြင်းများရှိကြောင်း၊ လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူလာအောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာ နှစ်သိန်း လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၂

**မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲမှု၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့ကို တိုးမြှင့်ရန်နှင့် တရုတ်-မြန်မာ နယ်စပ်ဒေသ၌နေထိုင်သည့် ပြည်သူများ၏လူနေမှုဘဝ တိုးတက်ရေးတို့အတွက်ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ အမေရိကန်ဒေါ်လာ နှစ်သိန်း ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဗိုလ်မှူးချုပ်ဖြိုးသန့်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် သံရုံးကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲမှု၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့ကို တိုးမြှင့်ရန်နှင့် တရုတ် - မြန်မာ နယ်စပ်ဒေသ၌ နေထိုင်သည့် ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ရေးတို့အတွက်ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက လွှဲပြောင်းပေးအပ်လှူဒါန်းသော အမေရိကန်ဒေါ်လာ နှစ်သိန်းကို ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး(ယာပုံ) ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လှူဒါန်းငွေများ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားကာ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။



စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က လူငယ်နှင့် စာပေပွဲတော်ခင်းကျင်းပြသမှုများကိုပွဲတော်သို့လာရောက်သည့် ကျောင်းသားများ၊ မိဘများ သာမက နိုင်ငံတစ်ဝန်းမှ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများပါ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ဆောင်ရမည်များကို ညှိညှိနှိုင်းနှိုင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့က နေပြည်တော်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းမိသားစုများ ဖိတ်ကြားရေး၊ ပြခန်းတစ်ခု၏ ဝင်ဆံ့နိုင်မှုအင်အားနှင့် ပြသချိန်များ အပါအဝင် ပွဲတော်တွင် ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က လူငယ်နှင့်စာပေပွဲတော် ကျင်းပရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနက (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်မှုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် လည်းကောင်း စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်ကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဇန်နဝါရီ ၂၉ ရက် မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ကိုဗစ် - ၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် လေကြောင်းပညာရပ်ဆိုင်ရာ သရုပ်ပြသခြင်း၊ သမိုင်းဝင် စာချုပ်စာတမ်းများ၊ မှတ်တမ်းများ ခင်းကျင်းပြသခြင်း၊ အားကစားလှုပ်ရှားမှု ပြခန်း၊ ကာတွန်းဓာတ်ပုံပြခန်း ပြသခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြခန်းများ ခင်းကျင်းပြသခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးပြခန်း၊ ကလေးငယ်တစ်ဦးချင်းပြိုင်ပွဲများအဖြစ် စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ အိမ်ဆောက်ကစားခြင်း၊ အဖွဲ့လိုက်ပြိုင်ပွဲများအဖြစ် ထုပ်ဆီးတိုး၊ အာလူးကောက်၊ ခါးလှည့်ကွင်း၊ ဆန်ကောရွက်၊ ခုံဖိနပ်စီး၊ ခွက်နင်း၍ လမ်းလျှောက်ခြင်း၊ ဘောလုံးညှပ်လမ်းလျှောက်ခြင်း ပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများ စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးသူများ၏ ကိုယ်ရေးအချက်အလက်များအား ကွန်ပျူတာများဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦး၊ အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၁ ရက်မွန်းလွဲပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြစ်ကြီးနားမြို့နယ် ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးသူများ၏ ကိုယ်ရေးအချက်အလက်များကို Digital စနစ်သို့ ပြောင်းလဲနိုင်ရေး ကွန်ပျူတာဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှုနှင့် နေပြည်တော်ရှိ ရုံးချုပ်နှင့် Online စနစ်ဖြင့် ချိတ်ဆက်၍ အချက်အလက်များ တိုက်ဆိုင်ဖြည့်သွင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များဖြစ်သည်နှင့်အညီ စနစ်တကျထိန်းသိမ်းနိုင်ရေးနှင့် e-ID စနစ်အကောင်အထည်ဖော်ရာတွင် ချိတ်ဆက်အသုံးပြုနိုင်ရေး ကြိုတင်မျှော်တွေး ဆောင်ရွက်ကြရန် မှာကြားသည်။



**ထိထိရောက်ရောက် ဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မနော ရွှေပြည်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံအတွင်းသို့ နိုင်ငံခြားသားများ ပြည်ဝင်ဗီဇာအမျိုးမျိုးဖြင့် ဝင်/ထွက်သွားလာရာတွင် စနစ်တကျဖြစ်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းဆိုင်ရာများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး သိရှိနားလည်ထားကြရန် လိုအပ်ကြောင်း။

နိုင်ငံသားများအား နိုင်ငံသားဖြစ်မှု အရည်အချင်းအရ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူ နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ မဖြစ်မနေထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**စီစဉ်ဆောင်ရွက်ထား**

e-Government စနစ်၏ အခြေခံအကျဆုံး လုပ်ငန်းဖြစ်သော e-ID စနစ် အကောင်အထည်ဖော်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ရာ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆိုင်ရာ ကြိုတင်ဆောင်ရွက်ရန်ရှိသည်များကို စီစဉ်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ်တွင် ကောက်ယူရန် အလှည့်ကျပြီဖြစ်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ရာ ပြီးစီးနိုင်သမျှသော လုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် မြို့နယ်အလိုက်ဆောင်ရွက်ရန် သတ်မှတ်လျာထားသည့် အရေအတွက်များကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် ထိထိရောက်ရောက် မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အိုမီခရွန်ကူးစက်မှု မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရမည်

**ပဲခူး ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ကူးစက်မှု မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကိုလည်း ဆက်လက်အရှိန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။ **(အပေါ်ပုံ)**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက Online Zoom Meeting System ဖြင့် ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၂) တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

**ကြိုတင်ပြင်ဆင်ထား**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နေရပ်ပြန်မြန်မာနိုင်ငံသားများနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုကို အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့နယ်များ၌ စာသင်ကျောင်းမှအပ Facility Quarantine အဖြစ် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူး၊ တောင်ငူ၊ ပြည်နှင့် သာယာဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာ ခရိုင်များအလိုက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးက ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် (၄၀) အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၆၈၉ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၁၂၆၉ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၂၄၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၂၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၈၈၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၂၅၅၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၅၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၂၁၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တို့၌ သံဃာတော် နှစ်ပါး၊ ဒေသခံပြည်သူ ၈၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် မူဆယ်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၂၅၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၇၂၈ ဦး၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၂၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၂ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲတက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် ဇန်နဝါရီ ၁၂**

၂၀၂၂ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅) နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်မှ ၂၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ယနေ့ ညနေပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်၊ တာဝန်ရှိသူများနှင့် ဘောလုံး ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြ သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် U-25 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း ကွင်းအမှတ်(၁)၌ စစ်ကိုင်း တိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း ကွင်းအမှတ်(၃)၌ ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသ ကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိသည့်ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ယနေ့ပွဲစဉ်များတွင် (Women of the match) ဆုရရှိခဲ့ကြသည့် ရခိုင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁၇) မခင်ထက်ထက်စံနှင့် တနင်္သာရီ တိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁) နော်ထရယ် ဘယ်တို့ နှစ်ဦးကို ဆုငွေကျပ် ၅၀၀၀၀ စီအား တာဝန် ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ဇန်နဝါရီ ၁၃ ရက်တွင် ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း ကွင်းအမှတ်(၁)၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်း ဒေသကြီးအသင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း ကွင်းအမှတ်(၃)၌ ရှမ်းပြည်နယ်အသင်းနှင့် ကရင် ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစား သွားကြမည်ဖြစ်ပြီး ဘောလုံးဝါသနာရှင်များအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**(၁၂-၁-၂၀၂၂)ရက်နေ့**

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိမှုများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့် တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ်ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁,၀၀၀)တွင် (၁၂-၁-၂၀၂၂) ရက်နေ့က ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ (၂)ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါအိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား (၂)ဦးမှာ Relief Flight များဖြင့် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသူများဖြစ်ပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သတ်မှတ်ဆေးရုံကြီးများတွင် သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများဆောင်ရွက်လျက်ရှိပြီး ၎င်းသူတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအေးထွန်းသည် ဆေးရုံအုပ်ကြီး/ကုသရေး၊ ပါမောက္ခချုပ်ဒေါက်တာသီတာလှ၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း၊ ဆေးတက္ကသိုလ်-၁ ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ ဆေးတက္ကသိုလ်-၂ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအေးအေးခင်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်း၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဝန်ကြီးဌာန၏ ညှော့ဂေဟာတွင် တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်သည်။

**စနစ်တကျဆောင်ရွက်**

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ဆေးတက္ကသိုလ်အသီးသီး ပုံမှန်(အတန်း)၊ နောက်ဆက်တွဲ(အတန်း)များ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေ၊ လုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ အခြေအနေ၊ ဖွင့်လှစ်ထားသော ဘွဲ့လွန်ပုံမှန်အတန်းများ၏ ပညာသင်ကြားမှု အခြေအနေများအား ဆွေးနွေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ Omicron Variant တွေ့ရှိစစ်ဆေးနိုင်မှု၊ လူနာလက်ခံကုသပေးနိုင်မှု၊ အောက်ဆီဂျင်ထုတ်လုပ်သုံးစွဲနိုင်မှု အခြေအနေ၊ လူနာညွှန်းပို့မှုနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများ အဆင်သင့်အနေအထား ပြန်လည်ပြင်ဆင်ထားရန်၊ နိုင်ငံခြားပြန်များအား အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ရန်၊ ထူးခြားဖြစ်စဉ်များအား အချိန်နှင့် တစ်ပြေးညီ စီမံခန့်ခွဲရန်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရောက်ရှိထိုးနှံနိုင်မှု အခြေအနေများအား ဆန်းစစ်၍ လွှမ်းခြုံမှုမြင့်မားအောင် ဆောင်ရွက်ရန် တို့ကို ပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် တက်ရောက်လာသူများက တင်ပြဆွေးနွေးခဲ့ပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လက်မှတ်ရစာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းကိုင်ကွန်ပျူတာသင်တန်းဖွင့်လှစ်

**ပုသိမ် ဇန်နဝါရီ ၁၂**



ဧရာဝတီတိုင်းဒေသကြီး သမဝါယမသင်တန်းကျောင်း (ပုသိမ်)၌ လက်မှတ်ရစာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းကိုင်ကွန်ပျူတာ သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက်က သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမ သင်တန်းကျောင်း (ပုသိမ်)ကျောင်းအုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သမဝါယမသင်တန်းကျောင်း(ပုသိမ်) ကျောင်းအုပ်က အမှာစကားပြောကြားသည်။

သင်တန်းကာလမှာ ဇန်နဝါရီ ၁၀ ရက်မှ ဧပြီ ၂၂ ရက်အထိ ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၄၃ ဦးကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်းသင်ခန်းစာများ (၃)

မြင့်မြတ်

**သေကျေပျက်စီးမှုအနိဋ္ဌာရုံများနှင့်အတူ အလှည့်အပြောင်းများစွာနှင့် မပြီးဆုံးသေးသော ဆီးရီးယားပြည်တွင်းစစ်**

သမိုင်းရဲ့အကောင်းအဆိုး၊ အကျိုးအပြစ်ကို သိနေမှ အမှားကိုရှောင်၊ အမှန်ကို ဆောင်နိုင်မှာဖြစ်ပါတယ်။ အတိတ်ရဲ့ ချို့ယွင်းအားနည်းချက်၊ အားသာချက်တွေကို သင်ခန်းစာယူနိုင်မှလည်း ပစ္စုပ္ပန်မှာ အကောင်းဆုံးလုပ်နိုင်မှာဖြစ်ပြီး အနာဂတ်အတွက် ပေးဆပ်ရကျိုးနပ်မှာဖြစ်တယ်လို့လည်း ဆိုထားပါတယ်။ ဒါ့ကြောင့်လည်း အတိတ်ရဲ့သမိုင်း သင်ခန်းစာများဆိုပြီး ရေးသားလာခဲ့တာ ယခုဆောင်းပါး အပိုင်း (၃) ဆိုပြီး ဖြစ်လာပါတယ်။ စစ်ပွဲကို ခေါ်ခဲ့ကြလို့ ဆယ်စုနှစ်တစ်ခုကျော်ကြာအောင် ကိုယ်စိုက်တဲ့အသီး ကိုယ်ပြန်စားနေရတဲ့ မပြီးသေးတဲ့ ဆီးရီးယားပြည်တွင်းစစ်ရဲ့ ဆိုးကျိုးရလဒ်များကို အလေးအနက်ထား ဆန်းစစ်ကြည့်ကြရအောင်ပါ။

**ဒီမိုကရေစီအကြောင်းပြ လစ်ဘရယ်မက်လုံးပေး အုံကြွမှုမှ စတင်ခဲ့သော ပြည်တွင်းစစ်**

၂၀၁၁ ခုနှစ် မတ်လကတည်းက စခဲ့တဲ့ ဆီးရီးယားစစ်ပွဲ၊ ကမ္ဘာ့ပေါ်မှာ စစ်ကြောင့် ဒုက္ခသည် ဦးရေ သုံးပုံတစ်ပုံလောက်အထိ အများဆုံး ဖန်တီးခဲ့တဲ့ စစ်ပွဲကြီး ယနေ့အထိ မပြီးဆုံးနိုင်သေးပါဘူး။ ဆယ်စုနှစ်တစ်ခုကျော်လာပြီဖြစ်တဲ့ ဒီစစ်ပွဲကြောင့် ဆီးရီးယားနိုင်ငံမှာ ပြည်သူ ၆ ဒသမ ၇ သန်း လူဦးရေ ၄၅ ရာခိုင်နှုန်းလောက်ဟာ စစ်ဘေးဒုက္ခသည် ဖြစ်နေရပါတယ်။ ပြန်ကောက်ရရင် ၂၀၀၀ ပြည့်နှစ်ကတည်းက ဖခင်အရိုက်အရာကို ဆက်ခံပြီး ခေါင်းဆောင်ဖြစ်လာခဲ့တဲ့ ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်ရဲ့အာဏာကို အန်တုပုန်ကန်တဲ့ နိုင်ငံအနှံ့ ဒီမိုကရေစီလှုပ်ရှားမှုတွေကပဲ ပြည်တွင်းစစ်ကို စတင်ခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။

လူထုလှုပ်ရှားမှုတွေက အိမ်နီးချင်း တူနီးရှားနဲ့ **အီဂျစ်၊ လစ်ဗျားနိုင်ငံတွေဆီက ကူးစက်လာတာပါ။ ထုံးစံအတိုင်းပါပဲ၊ အမေရိကန်နိုင်ငံကြီးနဲ့ ပဏာမစား၊ အမေရိကန်နဲ့ အနောက်အုပ်စုကို ဆန့်ကျင်တဲ့မူဝါဒကို ကိုင်စွဲပြီး ပမာမခန့်ပြုတဲ့ နိုင်ငံတွေမှာ ရင်ဆိုင်ရလေ့ရှိတဲ့ ဒီမိုကရေစီအကြောင်းပြ လစ်ဘရယ်မက်လုံးပေးခံရတဲ့ လူထုအုံကြွမှုမျိုးလိုပါပဲ။ နိုင်ငံရဲ့ စီးပွားရေးအကျပ်အတည်းတွေကို အချိန်မီ မဖြေရှင်းနိုင်ခြင်းနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို မြန်မြန်ဆန်ဆန် မပြုလုပ်နိုင်ခြင်းစတဲ့ ပြည်သူတွေရဲ့ မကျေနပ်ချက်တွေကို အခြေခံပြီး ပြည်ပနိုင်ငံကြီးတွေရဲ့ မြှောက်ပင့်သွေးထိုးမှုတွေကြောင့် ဖြစ်လာတဲ့ အုံကြွမှုတွေအပေါ်မှာ သမ္မတ အာဆတ်ရဲ့ ပြင်းပြင်းထန်ထန်နှိပ်ကွပ်မှုတွေကတစ်ဆင့် ပြည်တွင်းစစ်မီးထတောက်ခဲ့ရတာ ဖြစ်ပါတယ်။**



ဆီးရီးယားပြည်တွင်းစစ်ကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

❍ **လူထုလှုပ်ရှားမှုတွေက အိမ်နီးချင်း တူနီးရှားနဲ့အီဂျစ်၊ လစ်ဗျားနိုင်ငံတွေဆီက ကူးစက်လာတာပါ။ ထုံးစံအတိုင်းပါပဲ၊ အမေရိကန်နိုင်ငံကြီးနဲ့ ပဏာမစား၊ အမေရိကန်နဲ့ အနောက်အုပ်စုကို ဆန့်ကျင်တဲ့မူဝါဒကို ကိုင်စွဲပြီး ပမာမခန့်ပြုတဲ့ နိုင်ငံတွေမှာ ရင်ဆိုင်ရလေ့ရှိတဲ့ ဒီမိုကရေစီအကြောင်းပြ လစ်ဘရယ်မက်လုံးပေးခံရတဲ့ လူထုအုံကြွမှုမျိုးလိုပါပဲ၊ နိုင်ငံရဲ့ စီးပွားရေးအကျပ်အတည်းတွေကို အချိန်မီ မဖြေရှင်းနိုင်ခြင်းနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို မြန်မြန်ဆန်ဆန် မပြုလုပ်နိုင်ခြင်းစတဲ့ ပြည်သူတွေရဲ့ မကျေနပ်ချက်တွေကို အခြေခံပြီး ပြည်ပနိုင်ငံကြီးတွေရဲ့ မြှောက်ပင့်သွေးထိုးမှုတွေကြောင့်ဖြစ်လာတဲ့ အုံကြွမှုတွေအပေါ်မှာ သမ္မတ အာဆတ်ရဲ့ ပြင်းပြင်းထန်ထန်နှိပ်ကွပ်မှုတွေကတစ်ဆင့် ပြည်တွင်းစစ်မီးထတောက်ခဲ့ရတာ ဖြစ်ပါတယ်**

**ညီညွတ်မှုပြိုကွဲခြင်းသည် ပြည်တွင်းစစ်ကို မီးမွှေးပေးသည်**

တကယ်တမ်းက သမ္မတအာဆတ်ဟာ ခေတ်မီတဲ့ပြုပြင်ပြောင်းလဲရေးဝါဒီတစ်ယောက်ပါ။ ယခင်အာဏာရှင်ဆန်လွန်းတဲ့ သူ့ဖခင်သမ္မတဟောင်း ဟာဖာ့ဒ်အယ်လ် အာဆတ်ထက် လစ်ဘရယ်ဆန်ချင်တဲ့ သားဖြစ်သူအပေါ်မှာ ပြည်သူတွေရဲ့ မျှော်လင့်ချက်ဟာ အတော်ကြီးမားခဲ့ပါတယ်။ ဒါပေမယ့် ပြုပြင်ပြောင်းလဲရေးတစ်ခုမှာ အဓိက အဟန့်အတားတစ်ခုဖြစ်တဲ့ အဂတိတရားကိုလည်း အကြောင်းတရားတစ်ခုအဖြစ် ယှဉ်တွဲတွေ့ရပါလိမ့်မယ်။

အာဏာပိုင်တွေနဲ့ ခရိုနီတွေအကြား အပေးအယူ လွန်ကဲမှုတွေကြောင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ နှောင့်နှေးခဲ့ရပါတယ်။ မမျှတမှုတွေကြားမှာ ဆင်းရဲချမ်းသာကွာဟမှု ကြီးမားခဲ့ရပါတယ်။ ရာသီဥတုဖောက်ပြန်ပြီး မိုးခေါင်ခြောက်သွေ့မှုက ထပ်ဆင့်လိုက်တော့ လယ်သမားများစွာ ဆင်းရဲတွင်းနက်ပြီး မြို့ပြတွေဆီ အလုံးအရင်းနဲ့ ပြောင်းရွှေ့တာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းပဲဖြစ်ပါတယ်။ နောက်တစ်ချက်က အများစုဆွန်နီနဲ့ အနည်းစု အယ်လာဝီလို့ခေါ်တဲ့ ဆီးရီးယားလူမျိုးစုနှစ်ခုအကြား ကြီးမားတဲ့ကွာဟချက် တစ်ခုရှိနေခြင်းပါ။ အုပ်ချုပ်သူ လူတန်းစားက အယ်လာဝီတွေဖြစ်နေပြီး အုပ်ချုပ်ခံက ဆွန်နီလူတန်းစားတွေဖြစ်နေတဲ့ အချက်ဟာ မညီမျှမှုနဲ့မကျေနပ်ချက်တွေကို ဖြစ်စေပြီး ဆီးရီးယားလူ့အဖွဲ့အစည်းမှာ ကြာရှည်အမြစ်တွယ်နေတဲ့ လူတန်းစားကွဲပြားခြားနားမှု ရလဒ်ကို ဖြစ်ပေါ်စေပါတယ်။ ဒီအချက်တွေကပဲ တကယ့်အရေးကြီးချိန်မှာ အုပ်ချုပ်သူအချင်းချင်းကြား၊ စစ်တပ်တွင်းနဲ့ ပြည်သူတွေကြားမှာ စည်းလုံးညီညွတ်မှု ပြိုကွဲသွားခြင်းကို ဖြစ်စေခဲ့တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ အဓိကမဏ္ဍိုင်ဖြစ်တဲ့ စစ်တပ်ပြိုကွဲမှုနောက်မှာတော့ ပြည်တွင်းစစ်ဖြစ်ဖို့ရန်များစွာ မီးမွှေးဖို့ မလိုလောက်အောင်ဖြစ်သွားတဲ့ သဘောပါပဲ။

❊ **နယ်မြေအများအပြား သူပုန်ထိန်းချုပ်မှုအောက်ရောက်လေလေ အရပ်သားပြည်သူသေဆုံးမှု တရိပ်ရိပ်တက်လာတာကလွဲပြီး ပြိုင်ဘက်တွေအကြား ဘယ်ဘက်ကမှ အဆုံးအဖြတ်အောင်ပွဲကို မရယူနိုင်ခဲ့ကြပါဘူး။ အကြမ်းဖက်သူပုန်တွေကို ဗုံးကြဲတိုက်ခိုက်တယ်ဆိုပေမယ့် အရပ်သားတွေမထိခိုက်မသေဆုံးအောင် ရှောင်လွှဲတိုက်ခိုက်ခြင်းမျိုးလည်း မရှိခဲ့ကြပါဘူး။ ကြဲချတဲ့ဗုံးတွေကြောင့် အရပ်သားတွေအပြင် ဆေးဘက်ဆိုင်ရာဝန်ထမ်းတွေ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့ အကူအညီပေးလုပ်သားတွေ များစွာ ထိခိုက်သေကျေပျက်စီးခဲ့ကြရပါတယ်**

**နိုင်ငံစုံအဖွဲ့စုံ ကိုယ့်အကျိုးစီးပွားနဲ့ကိုယ် ပါဝင်တိုက်ခိုက်ကြတဲ့ Proxy war**

သမ္မတအာဆတ်နဲ့ သူ့အစိုးရက လူထုအုံကြွမှုအပေါ် အင်အားအဆမတန် အသုံးပြုပြီး အလွန်အကျွံတုံ့ပြန်မှုများဟာ ဝေဖန်စရာများ ဖြစ်ခဲ့ရသလို အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ထောင်ချောက်ထဲရောက်မှန်းမသိလည်း ရောက်ခဲ့ရပါတယ်။ ပဋိပက္ခပြင်းထန်လာတာနဲ့အမျှ **"နွားကွဲတော့ ကျားဆွဲ"** ဆိုသလို အချုပ်အခြာအာဏာနဲ့ ပိုင်နက်လဟာနယ်မှာ အလစ်ချောင်းနေရာယူသူတွေ ပေါ်လာတတ်တာ မဆန်းပါဘူး။

အာဆတ်ရဲ့ ယခင်ကတည်းက ဆန့်ကျင်ဘက်ဖြစ်တဲ့ အနောက်အုပ်စုလက်ဝေခံ အာရပ်နိုင်ငံတွေ၊ အယ်လ်ကိုင်ဒါပုံစံခွက်ထဲက ဆွန်နီအစွန်းရောက် စစ်သွေးကြွတွေနဲ့ အာဆတ်ထောက်ခံသူတွေအကြား ဖားနဲ့ငါး ကွဲသွားရပါပြီ။ အာဆတ်ကို ဆန့်ကျင်တဲ့ အမေရိကန်၊ အီးယူ၊ ကာတာ၊ တူရကီ၊ ဆော်ဒီအာရေဗျ၊ အစ္စရေးနိုင်ငံများကတစ်ဖက်၊ အီရန်၊ ရုရှားနဲ့ တရုတ်စတဲ့ ထောက်ခံတဲ့နိုင်ငံများက တစ်ဖက်စီ ဆီးရီးယားပြည်တွင်းစစ်မှာ သွယ်ဝိုက်ပြီး ပါဝင်ပတ်သက်တိုက်ခိုက်ခဲ့ကြပါတယ်။

ဆီးရီးယားတပ်မတော်ထဲက ခွဲထွက်ပုန်ကန်သွားတဲ့တပ်ဖွဲ့တွေ၊ အာဆတ်ကို ထောက်ခံတဲ့ လက်ဘနွန်စစ်သွေးကြွအဖွဲ့ ဟဇ်ဘိုလာအပါအဝင် ISIS ၊ အယ်ခိုင်ဒါ၊ နူဆာရာ စတဲ့ အမျိုးမျိုးသော အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့တွေကြားမှာ အပြန်အလှန် တိုက်ခိုက်မှုတွေဟာ မီးကုန်ယမ်းကုန်ပါပဲ။

**ဘယ်လိုနိုင်ငံတကာ အဖွဲ့အစည်းကမှလည်း ပြေလည်အောင် ကြားဝင်ညှိနှိုင်းပေးနိုင်စွမ်း မရှိသည်အထိ ဆိုးရွားခဲ့တယ်လို့ ဆိုရပါမယ်။ အစိုးရနဲ့ အတိုက်အခံတွေအကြား ခဏတာရရှိခဲ့တဲ့ သဘောတူညီချက်များဟာလည်း အကြိမ်ကြိမ် ကျိုးပျက်ခဲ့ရသည်ချည်း ဖြစ်ပါတယ်။ အဖွဲ့မျိုးစုံဝင်တိုက်နေတဲ့စစ်ပွဲတွေကို ရပ်ဆိုင်းအောင်လုပ်ဖို့ဆိုတာ ဘယ်လွယ်ပါ့မလဲ။ ပါဝင်ပတ်သက်နေတဲ့နိုင်ငံတွေ အဖွဲ့တွေအားလုံးဟာ သူ့အကျိုးစီးပွားနဲ့သူ ကိုယ်လိုချင်တာရဖို့အတွက်သာ တိုက်ခိုက်နေကြခြင်းဖြစ်ပါတယ်။ ကိုယ့်အကျိုးစီးပွားအတွက် သူများနယ်မြေမှာ ဝင်ပြီးစစ်ခင်းနေကြတဲ့ သဘောပါပဲ။ Proxy war ကိုယ်စားပြုစစ်ပွဲလို့ ခေါ်ပါတယ်။ ကြားကလက်နက်မဲ့ပြည်သူကတော့ ခံဘက်ကချည်းပဲပေါ့။ အတိုက်အခံတွေဟာ ပြည်ပမှာ စင်ပြိုင်အဖွဲ့များစွာ ဖွဲ့စည်းနိုင်ခဲ့ကြပေမယ့် ပြည်တွင်းက အတိုက်အခံအဖွဲ့တွေနဲ့ တိုက်ခိုက်ရေးသမားတွေကို စနစ်တကျထိန်းချုပ် ကိုင်တွယ်နိုင်မှုမရှိခဲ့ပါဘူး။ ရည်မှန်းချက် အသေအချာမရှိတဲ့ သူပုန်အဖွဲ့တွေကြားမှာ နိုင်ငံနဲ့ပြည်သူတွေမှာသာ အပျက်အစီးဆုံးရှုံးမှုကြီးမားခဲ့တာကိုတွေ့ရှိရပါတယ်။**

**စစ်ပွဲရဲ့အလှည့်အပြောင်းကို ဖြစ်စေတဲ့ ISIS တို့ ပါဝင်လာမှု**

စစ်ပွဲအစ ၂၀၁၃ ခုနှစ်လောက်ကစပြီး ဆီးရီးယားသူပုန်တွေဟာ နိုင်ငံနယ်မြေများကို စတင်ထိန်းချုပ်နိုင်ခဲ့ကြပြီး အစိုးရတပ်တွေဟာ တဖြည်းဖြည်းဆုတ်ခွာခဲ့ရပါတယ်။ အယ်ခိုင်ဒါ၊ နူဆာရာတပ်ဦး စတဲ့အစ္စလာမ္မစ်အစွန်းရောက် စစ်သွေးကြွအဖွဲ့တွေ စစ်ပွဲအတွင်းပါဝင်လာတာဟာ စစ်ဇုန်ကျယ်ပြန့်သွားစေတဲ့ အကျိုးဆက်တစ်ခုအဖြစ် မြင်ရပါတယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အထူးသဖြင့် အယ်ခိုင်ဒါမျိုးဆက်အဖွဲ့တစ်ခု ဖြစ်တဲ့ ISIS တိုက်ခိုက်ရေးအဖွဲ့ဟာ အင်အား ပိုကြီးမားလာပြီး ဒေသအတော်များများကို သိမ်းပိုက်နိုင်ခဲ့ခြင်းဟာ ရုတ်ခြည်းဆိုသလို စစ်ပွဲရဲ့ အလှည့်အပြောင်းကို ဖြစ်စေခဲ့ကြောင်း တွေ့ရပါတယ်။ ISIS အဖွဲ့ရည်မှန်းချက်က ဆီးရီးယား တစ်နိုင်ငံတည်းတင် မကပါဘူး။ သူ့ရည်မှန်းချက်က အီရတ်နိုင်ငံထဲအထိ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ဖို့ဖြစ်ပါတယ်။ ရက်စက်ကြမ်းကြုတ်လွန်းတဲ့ ISIS တို့ရဲ့ သတ်ဖြတ်မှုဒဏ်ကို ဆီးရီးယားပြည်သူတွေ၊ စစ်သားတွေသာမက အနောက်နိုင်ငံက အလုပ်သမား၊ သတင်းထောက်အများအပြားပါ ခံစားခံ ဖြစ်ရရှာတဲ့ ဖြစ်စဉ်တွေကို ယဉ်ကျေးတဲ့ ကမ္ဘာကြီး အတွက် ခြိမ်းခြောက်မှုကြီးအဖြစ် ပုံဖော်လို့ရပါတယ်။ ဆိုးရွားလွန်းတဲ့ ISIS အကြမ်းဖက်အဖွဲ့ကြီးကို မဖြစ်မနေ နှိမ်နင်းဖို့ လိုအပ်လာတဲ့အခါမှာတော့ အမေရိကန်အနေနဲ့ အာရပ်မဟာမိတ်တွေနဲ့ ပေါင်းပြီး ဆီးရီးယားနယ်မြေအတွင်းမှာ လေကြောင်းကနေ တရားဝင်ဗုံးကြဲခွင့်ကို ရယူ အသုံးချခွင့် ရရှိသွားပါတော့တယ်။

အမှန်က အိုက်ဆစ်တွေကို နှိမ်နင်းနေစဉ်မှာ အမေရိကန်က သူထောက်ခံနေတဲ့ ဆီးရီးယား မြောက်ပိုင်းက ကာဒစ်ရှ်အဖွဲ့နဲ့ ဆီးရီးယားအစိုးရကို ဆန့်ကျင်နေတဲ့တပ်ဖွဲ့တွေကို အကူအညီပေးဖို့ အမေရိကန်တပ်တွေကိုယ်တိုင် ဆီးရီးယားနိုင်ငံထဲ အထိ ဝင်ရောက်စွက်ဖက်ခွင့်ကို ရရှိလိုနေတာ ဖြစ်ပါတယ်။ ကာဒစ်ရှ်အဖွဲ့ဆိုတာကတော့ ဆီးရီး ယားမှာလည်း ကိုယ်ပိုင်နယ်မြေရရှိထားပြီး တူရကီ မှာလည်း ရှိကြပါတယ်။ တူရကီက ကာဒ်တွေ ကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖို့ တူရကီကို တော်လှန်နေတဲ့အဖွဲ့ဖြစ်ပါတယ်။ ကာဒ်တွေကို နှိမ်နင်းနေတဲ့ အိမ်နီးချင်းတူရကီအနေနဲ့လည်း ဆီးရီးယားပြည်တွင်းစစ်မှာ ပါဝင်ခြေရှုပ်ပြီး အခြေချ သိမ်းပိုက်ခွင့်ရတဲ့ အနေအထားတစ်ရပ်ကို ပိုင်ဆိုင် သွားပါတော့တယ်။

အမေရိကန်ဝင်ရောက်မှုရဲ့ နောက်ဆက်တွဲ အဖြစ် ၂၀၁၅ ခုနှစ်မှာ ရုရှားနိုင်ငံကလည်း တပ်ဖွဲ့ နဲ့လက်နက်တွေကို ဆီးရီးယားနယ်မြေထဲအရောက် ပို့ပြီး ISIS နဲ့ အစိုးရကို ဆန့်ကျင်တဲ့သူပုန်တွေကို ဗုံးကြဲခွင့်ရရှိသွားခဲ့ပါတယ်။ သို့သော် အကြမ်းဖက် ဆန့်ကျင်ရေး ISIS တွေကို ဗုံးကြဲတိုက်ခိုက်တဲ့ အမေရိကန်နဲ့ ရည်ရွယ်ချက်ချင်းတူတာ မှန်ပေမယ့် အကျိုးစီးပွားချင်းတော့ မတူကြပါဘူး။ ရုရှားက သမ္မတအာဆတ်ဘက်က ထောက်ခံကူညီတိုက်ခိုက် ပေးတာဖြစ်ပြီး US ကတော့ အာဆတ်ကိုဆန့်ကျင် တဲ့အဖွဲ့တွေဘက်က ကူညီပေးခဲ့တာဖြစ်ပါတယ်။

နယ်မြေအများအပြား သူပုန်ထိန်းချုပ်မှုအောက် ရောက်လေလေ အရပ်သားပြည်သူ သေဆုံးမှု တရိပ်ရိပ်တက်လာတာကလွဲပြီး ပြိုင်ဘက်တွေ အကြား ဘယ်ဘက်ကမှ အဆုံးအဖြတ်အောင်ပွဲကို မရယူနိုင်ခဲ့ကြပါဘူး။ အကြမ်းဖက်သူပုန်တွေကို ဗုံးကြဲတိုက်ခိုက်တယ်ဆိုပေမယ့် အရပ်သားတွေ မထိခိုက်မသေဆုံးအောင် ရှောင်လွှဲတိုက်ခိုက်ခြင်း မျိုးလည်း မရှိခဲ့ကြပါဘူး။ ကြဲချတဲ့ဗုံးတွေကြောင့် အရပ်သားတွေအပြင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်း တွေ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့ အကူအညီ ပေးလုပ်သားတွေ များစွာထိခိုက်သေကျေပျက်စီး ခဲ့ကြရပါတယ်။

**စစ်ကြောင့် အရပ်သား ထိခိုက်သေကျေပျက်စီးမှုများ**

UN စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုရဲ့ ယခင် နှစ်အတွင်း အစီရင်ခံစာ တစ်ခုအရဆိုရင် နိုင်ငံတွင်း မှာ ရုရှားကျောထောက်နောက်ခံမှုနဲ့အတူ အစိုးရ တပ်ရဲ့အောင်မြင်မှုတွေ ရရှိနေတယ်ဆိုပေမယ့် နိုင်ငံအနှံ့ မညှာမတာတိုက်ခိုက်မှုတွေနဲ့ သေဆုံးမှု တွေကတော့ ယခု၂၀၂၂ ခုနှစ်အထိ ဆက်လက်ရှိနေ ဆဲဖြစ်ကြောင်း သိရှိရပါတယ်။ ဒီအချက်ကို အရပ် သားအပါအဝင် ထိခိုက်သေဆုံးမှုစာရင်းတွေအရ သိနိုင်ပါတယ်။

စစ်ပွဲနောက်ပိုင်းကာလ သေဆုံးစာရင်းတွေအရ ၂၀၁၉ ခုနှစ်က ၁၀၀၀၀ ခန့်၊ ၂၀၂၀ ပြည့်နှစ်က ၆၈၀၀ ခန့်၊ ၂၀၂၁ ခုနှစ်က အရပ်သား ၁၅၀၅ ဦး (ကလေးငယ် ၁၆၀၀) အပါအဝင် သေဆုံးမှုပေါင်း ၃၇၄၆ ဦးနဲ့ နှစ်အလိုက် တိုက်ခိုက်မှုတွေကြောင့် သေဆုံးခဲ့ကြရတယ်လို့ သိရပါတယ်။ ၁၀ နှစ် အတွင်း ကလေးငယ်ပေါင်း ၅၅၀၀၀ ခန့်အထိ သေဆုံးခဲ့ကြရပြီး ၂ ဒသမ ၅ သန်းလောက်က ကျောင်းပညာရေးနဲ့ ဝေးသွားခဲ့ကြရပါတယ်။ မိသားစုတွေ ဖရိုဖရဲကွဲကွာသွားကြရပြီး မိဘမဲ့ ကလေးသူငယ်ဦးရေ တိုးပွားလာခဲ့ပါတယ်။

ယခုစာရင်းတွေက စစ်ပွဲကာလ ၁၁ နှစ်အတွင်း ငါးသိန်းနဲ့ ခြောက်သိန်းအကြားရှိခဲ့တဲ့ သေဆုံးမှုများ အနက် အနည်းဆုံးပမာဏတစ်ခုလို့ ဆိုပေမယ့် ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေး တိုးတက်မှုလက္ခဏာ အဖြစ်တော့ မြင်လို့မရသေးတဲ့ အခြေအနေမှာ ရှိနေဆဲဖြစ်ပါတယ်။ လူပေါင်း သုံးသန်းလောက်ဟာ မစွမ်း မသန်ဘဝနဲ့ ဒုက္ခိတဘဝရောက်ကြရတယ်။ ၅ ဒသမ ၅ သန်းလောက်က မိမိနေရပ်တွေကနေ စွန့်ခွာထွက်ပြေးကြရပြီး စိတ်ဒဏ်ရာဗရပွနဲ့ အိုးမဲ့ အိမ်မဲ့ဖြစ်ကာ အိမ်နီးချင်းနိုင်ငံတွေဆီ မျက်နှာငယ် စွာနဲ့ ပြောင်းရွှေ့ခိုလှုံခဲ့ကြရတယ်။ စစ်ပွဲကာလ တစ်လျှောက် လေကြောင်းက ဗုံးကြဲတိုက်ခိုက်မှု တွေကြောင့် အရပ်သား သေဆုံးရမှုပေါင်းဟာ ၁၂၅၂၆ ဦးအထိ ရှိခဲ့တယ်လို့ သိရှိရပါတယ်။

> * **ယခုစာရင်းတွေက စစ်ပွဲကာလ ၁၁ နှစ်အတွင်း ၅ သိန်းနဲ့ ၆ သိန်း အကြားရှိခဲ့တဲ့ သေဆုံးမှုများအနက် အနည်းဆုံးပမာဏတစ်ခုလို့ ဆိုပေမယ့် ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေး တိုးတက်မှုလက္ခဏာအဖြစ် တော့ မြင်လို့မရသေးတဲ့ အခြေအနေမှာ ရှိနေဆဲဖြစ်ပါတယ်။ လူပေါင်း ၃ သန်းလောက်ဟာ မစွမ်းမသန်ဘဝနဲ့ ဒုက္ခိတဘဝရောက်ကြရ တယ်။ ၅ ဒသမ ၅ သန်းလောက်က မိမိနေရပ်တွေကနေ စွန့်ခွာ ထွက်ပြေးကြရပြီး စိတ်ဒဏ်ရာဗရပွနဲ့ အိုးမဲ့အိမ်မဲ့ဖြစ်ကာ အိမ်နီးချင်း နိုင်ငံတွေဆီ မျက်နှာငယ်စွာနဲ့ ပြောင်းရွှေ့ခိုလှုံခဲ့ကြရတယ်။ စစ်ပွဲ ကာလတစ်လျှောက် လေကြောင်းကဗုံးကြဲတိုက်ခိုက်မှုတွေကြောင့် အရပ်သားသေဆုံးရမှုပေါင်းဟာ ၁၂၅၂၆ ဦးအထိရှိခဲ့တယ်လို့ သိရှိရပါတယ်။ မကြာခင်က အမေရိကန်လွှတ်တော်ကာကွယ်ရေး ကော်မတီတစ်ခုရဲ့ စုံစမ်းဖော်ထုတ်စစ်ဆေးချက်အရ ၂၀၁၉ ခုနှစ် အမေရိကန်လေကြောင်းတပ်ဖွဲ့ရဲ့ မှားယွင်းဗုံးကြဲချခဲ့မှုကြောင့် အရပ် သား ၇၀ ခန့် သေဆုံးခဲ့ရတဲ့ဖြစ်စဉ်ဟာ သာဓကတစ်ရပ်ဖြစ်ပါတယ်**

> ● **လက်ရှိအခြေအနေမှာတော့ ဆီးရီးယားနိုင်ငံနဲ့ ဆီးရီးယားပြည်သူတွေရဲ့ ဘဝတွေဟာ မသေချာမရေရာတဲ့ အခြေအနေဆိုးအောက်မှာ ရုန်းကန်နေရဆဲရှိနေပါသေးတယ်။ လူငယ်တွေရဲ့အနာဂတ်နဲ့ ကလေးတွေရဲ့ ရှေ့ရေး မှုန်ပျပျနဲ့လမ်းပျောက်နေဆဲပါ။ အိုးမဲ့အိမ်မဲ့ဘဝနဲ့ပြည်သူတွေဟာ လုံခြုံရေးအာမခံချက်မရှိလို့၊ ခြိမ်းခြောက်နှိပ်စက် အနိုင်ကျင့်ခံကြရလို့ အိမ်မပြန်ရဲကြသေးသလို သူတို့ရဲ့ကိုယ်ပိုင်အိုးအိမ်တိုက်တာ တွေလည်း မရှိကြတော့ပါဘူး။ စာရင်းအရ စွန့်ခွာထွက်ပြေးပြည်သူ ၅ ဒသမ ၅ သန်းအနက် ၇၅ ရာခိုင်နှုန်း ခန့်ဟာ သူတို့နေရပ်တွေဆီပြန်လာချင်ပေမယ့် သုံးသောင်းခန့်သာ အရဲစွန့်ပြီး ပြန်လာနိုင်ကြတယ်လို့ ဆိုပါတယ်။ အခြေခံအဆောက်အဦအားလုံးနီးပါး ပျက်စီးယိုယွင်းခဲ့ရတဲ့ အခြေအနေမှာ လျှပ်စစ်ဓာတ်အားက ၇၀ ရာခိုင်နှုန်း ပျက်စီးသွားပြီး ကျောင်းတွေမှာ လက်နက်ကိုင်တပ်ဖွဲ့အသီးသီးက တပ်စွဲထားလို့ ကျောင်းတွေ မဖွင့်နိုင်၊ ကျန်းမာရေးလုပ်သား ၇၀ ရာခိုင်နှုန်းခန့်က အလုပ်ကနေ စွန့်ခွာထွက်ပြေးသွားကြလို့ ဆေးရုံ ဆေးခန်း ၅၈ ရာခိုင်နှုန်းခန့်သာ အပြည့်အဝဖွင့်ပေးထားရတဲ့ စသည့်အခြေအနေအားလုံးဟာ ဆီးရီးယား နိုင်ငံရဲ့ အလုံးစုံပျက်သုဉ်းမှု အခြေအနေကို ပြသနေခြင်းပဲဖြစ်ပါတယ်**

မကြာခင်က အမေရိကန်လွှတ်တော်ကာကွယ်ရေး ကော်မတီတစ်ခုရဲ့ စုံစမ်းဖော်ထုတ်စစ်ဆေးချက်အရ ၂၀၁၉ ခုနှစ် အမေရိကန်လေကြောင်းတပ်ဖွဲ့ရဲ့ မှားယွင်းဗုံးကြဲချခဲ့မှုကြောင့် အရပ်သား ၇၀ ခန့် သေဆုံးခဲ့ရတဲ့ဖြစ်စဉ်ဟာ သာဓကတစ်ရပ် ဖြစ်ပါ တယ်။

**နိုင်ငံခြားစွက်ဖက်မှုခံရတိုင်းမှာ
အချုပ်အခြာ ပျက်ယွင်းရသည်ချည်းသာ**

ယခုနောက်ဆုံးအခြေအနေအရတော့ ဆီးရီးယား မှာ ယခင်လိုအခြေအနေမဆိုးတော့ပေမယ့် နိုင်ငံတွင်း မှာ အခြေစိုက်နေတဲ့ ပြိုင်ဘက်နိုင်ငံခြားတပ်ဖွဲ့တွေ ရှိနေဆဲဖြစ်ပြီး မတည်မငြိမ်ရှိနေဆဲဖြစ်ပါတယ်။ အဓိကပြိုင်ဘက်တွေအနေနဲ့ အာဆတ်ကိုထောက်ခံ တဲ့ အီရန်၊ ရုရှားတပ်ဖွဲ့တွေ၊ ပြိုင်ဘက်အမေရိကန်နဲ့ ကာဒ်တပ်ဖွဲ့တွေ၊ တူရကီနဲ့ တူရကီထောက်ခံတဲ့ အစ္စလာမ္မစ်တပ်ဖွဲ့တွေ ဆီးရီးယားနယ်မြေအချို့မှာ အခြေပြုထားဆဲဖြစ်ပြီး ဗုံးကြဲတိုက်ခိုက်မှုတွေ နေရာအနှံ့ရှိနေဆဲ ဖြစ်ပါတယ်။ နိုင်ငံနယ်မြေ အတော်များများကတော့ ဆီးရီးယားအစိုးရတပ်ဖွဲ့ တွေရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်ရှိသွားပါပြီ။ ဆီးရီးယားတပ်မတော်ကြီး အလုံးစုံမပြိုကွဲအောင်နဲ့ နိုင်ငံမပြိုကွဲအောင် တားဆီးထိန်းချုပ်နိုင်ခဲ့တဲ့ တပ်မတော်တစ်ရပ်ရဲ့ စုစည်းညီညွတ်မှုစွမ်းပကားနဲ့ မျိုးချစ်စိတ်ဓာတ်ကိုတော့ ဒီနေရာမှာအတုယူ လေ့လာနိုင်ပါတယ်။ နိုင်ငံခြားတပ်ဖွဲ့တွေရဲ့အလိုကျ ကြားခံ buffer zone တစ်ခုကို အစိုးရအနေနဲ့ ခွင့်ပြုလိုက်ရတဲ့ အချုပ်အခြာအာဏာ တစ်စိတ် တစ်ပိုင်း ပျက်ယွင်းမှုကတော့ စစ်ပွဲရဲ့အကျိုးဆက် တစ်ခုအဖြစ် ဆက်လက်ရှိနေပါလိမ့်ဦးမယ်။

**အဆုံးမှာတော့ အလုံးစုံပျက်စီးမှုသို့သာဦးတည်**

လက်ရှိအခြေအနေမှာတော့ ဆီးရီးယားနိုင်ငံနဲ့ ဆီးရီးယားပြည်သူတွေရဲ့ ဘဝတွေဟာ မသေချာ မရေရာတဲ့ အခြေအနေဆိုးအောက်မှာ ရုန်းကန်နေရ ဆဲရှိနေပါသေးတယ်။ လူငယ်တွေရဲ့အနာဂတ်နဲ့ ကလေးတွေရဲ့ရှေ့ရေး မှုန်ပျပျနဲ့လမ်းပျောက်နေဆဲ ပါ။ အိုးမဲ့အိမ်မဲ့ဘဝနဲ့ ပြည်သူတွေဟာ လုံခြုံရေး အာမခံချက်မရှိလို့၊ ခြိမ်းခြောက်နှိပ်စက် အနိုင်ကျင့် ခံကြရလို့ အိမ်မပြန်ရဲကြသေးသလို သူတို့ရဲ့ကိုယ်ပိုင် အိုးအိမ်တိုက်တာတွေလည်း မရှိကြတော့ပါဘူး။ စာရင်းအရ စွန့်ခွာထွက်ပြေးပြည်သူ ၅ ဒသမ ၅ သန်းအနက် ၇၅ ရာခိုင်နှုန်းခန့်ဟာ သူတို့နေရပ်တွေ ဆီ ပြန်လာချင်ပေမယ့် သုံးသောင်းခန့်သာ အရဲစွန့်ပြီး ပြန်လာနိုင်ကြတယ်လို့ ဆိုပါတယ်။ အခြေခံ အဆောက်အဦအားလုံးနီးပါး ပျက်စီးယိုယွင်းခဲ့ရတဲ့ အခြေအနေမှာ လျှပ်စစ်ဓာတ်အားက ၇၀ ရာခိုင် နှုန်း ပျက်စီးသွားပြီး ကျောင်းတွေမှာ လက်နက်ကိုင် တပ်ဖွဲ့အသီးသီးက တပ်စွဲထားလို့ ကျောင်းတွေ မဖွင့်နိုင်၊ ကျန်းမာရေးလုပ်သား ၇၀ ရာခိုင်နှုန်းခန့်က အလုပ်ကနေ စွန့်ခွာထွက်ပြေးသွားကြလို့ ဆေးရုံ ဆေးခန်း ၅၈ ရာခိုင်နှုန်းခန့်သာ အပြည့်အဝ ဖွင့်ပေးထားရတဲ့ စသည့်အခြေအနေအားလုံးဟာ ဆီးရီးယားနိုင်ငံရဲ့ အလုံးစုံပျက်သုဉ်းမှု အခြေအနေ ကို ပြသနေခြင်းပဲဖြစ်ပါတယ်။

**ကိုဗစ်ပြဿနာက ထပ်ဆောင်းနေတဲ့
အငတ်ဘေးနဲ့ ဆင်းရဲမှုဒဏ်**

စီးပွားရေးချွတ်ခြုံကျမှုနဲ့အတူ လူတွေရဲ့ အငတ်ဘေးကို ဖြေရှင်းရမယ့် အခက်အခဲ၊ ကာကွယ်ကုသလို့ရနိုင်တဲ့ ရောဂါတွေကိုတောင် မကာကွယ်နိုင်လို့ နေ့စဉ်သေဆုံးနေကြရတဲ့ ပြဿနာတွေ စသည်ဖြင့် ဖြေရှင်းဖို့ရာလိုအပ်နေပြီး နိုင်ငံတကာရဲ့ကူညီထောက်ပံ့မှုကိုသာ မျှော်ကိုးနေ ရတဲ့ ပြည်သူတွေရဲ့ဘဝဟာ သနားစရာအလွန် ကောင်းလှပါတယ်။ စစ်မဖြစ်ခင်ကထက် အစား အသောက်ဈေးနှုန်းဟာ ၃၃ ဆ မြင့်တက်သွားတဲ့ အတွက်

*စာမျက်နှာ ၈ သို့*

# မဏ္ဍိရတနာမြတောင်ကျောင်းတိုက် အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တအကံ့ရအား ဂုဏ်ပြုပူဇော်ခြင်းနှင့် အောက်ဆီဂျင်စက်ရုံအတွက် ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းတပ်ဆင်ရန် အလှူငွေများလှူဒါန်း





**မန္တလေး ဇန်နဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းရာတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ဆက်ကပ်ခြင်းခံရသော နိုင်ငံတော် ဩဝါဒါစရိယ၊ မဏ္ဍိရတနာမြတောင်ကျောင်းတိုက် အဓိပတိမဟာနာယက ဆရာတော် ဘဒ္ဒန္တအကံ့ရအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် ဇနီးတို့က ဂုဏ်ပြုပူဇော်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ယင်းကျောင်းတိုက်ရှိ မြတောင်သာသနာ နှစ် (၁၀၀) ပြည့်ဗိမာန်တော်တွင် ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်ကြီးထံမှ ဥပုသ်သည်ပရိသတ်များက ငါးပါးသီလခံယူကာ ပရိတ်တရားတော်များ နာယူကြည်ညိုပြီး ပဒေသာရွှေကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒကမှ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကထာကို ဖတ်ကြားပူဇော်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ (ယာပုံ)

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် ဇနီးတို့က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မြတောင်ကျောင်းတိုက် ဆရာတော်ကြီးအား နဝကမ္မလှူဒါန်းငွေကျပ်သိန်း ၃၀ နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ပင့်သံဃာများနှင့် ကျောင်းတိုက်ရှိ နာယက၊ စာချဆရာတော်များနှင့် စာသင်ရဟန်းသံဃာများအတွက် နဝကမ္မလှူဒါန်းငွေကျပ် ၁၃၆၈၀၀၀၀ ကို သာယာဝင်းကျောင်း ဆရာတော်ထံသို့လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီးတို့က ယခင်နှစ်ကရရှိခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိသော ဆရာတော်များအား သင်္ကန်း၊ လှူဖွယ်နှင့် ဝတ္ထုငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများ၏ ဇနီးများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တို့မှ မဏ္ဍိရတနာမြတောင် ကျောင်းတိုက်ဝင်းအတွင်းရှိအောက်ဆီဂျင် စက်ရုံအတွက် ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ရန် လှူဒါန်းငွေကျပ်သိန်း ၂၆၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြပြီး မဏ္ဍိရတနာ မြတောင်ကျောင်းတိုက်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သာယာဝင်းကျောင်းဆရာတော် ဘဒ္ဒန္တ သာဂရာဘိဝံသထံမှ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာ ရေစက်ချတရား နာယူ ကြည်ညိုကြပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယနေ့အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် ဇနီး မိသားစုတို့က ဆွမ်း၊ သင်္ကန်း၊ ဆွမ်းစားဆောင်သုံးပစ္စည်းများ၊ လှူဒါန်းငွေများ စုစုပေါင်း ငွေကျပ် ၂၇၉၃၀၀၀၀၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ အောက်ဆီဂျင် စက်ရုံအတွက် ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် လှူဒါန်းငွေကျပ်သိန်း ၂၆၀ စုစုပေါင်း ငွေကျပ် ၅၃၉၃၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၁၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာ အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၂**

(၁၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်၊ နေပြည်တော် ပျဉ်းမနားမြို့ အုန်းတောပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ ဂန္ထဝါစက ပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တတိဿ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ နေပြည်တော် သာသနာရေးမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ စတင် ဖွင့်လှစ်ပြီး အုန်းတောပရိယတ္တိစာသင်တိုက် စာချဆရာတော် ဘဒ္ဒန္တ ဗုဒ္ဓပီယ၊ ဂန္ထဝါစကပဏ္ဍိတက ဒေဝနိမန္တနဂါထာကို ဖတ်ကြား၍ နတ်ဖြဟ္မာများကို ပင့်ဖိတ်သည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့ အုန်းတောပရိယတ္တိစာသင်တိုက် ပဓာန နာယက၊ ဂန္ထဝါစက ပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တတိဿထံမှ ဥပုသ်သည်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အုန်းတောပရိယတ္တိစာသင်တိုက် စာချဆရာတော် ဘဒ္ဒန္တဗုဒ္ဓပီယ၊ ဂန္ထဝါစကပဏ္ဍိတက ပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းပရိတ်အိုးများကို ဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ဥပုသ်သည်ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို ရွတ်ဖတ်ပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

*စာမျက်နှာ ၇ မှ*

**လူဦးရေ ၈၀ ရာခိုင်နှုန်းဟာ ဆင်းရဲမှုပြမျဉ်းအောက်ရောက်နေရပြီး အစာရေစာပြတ်လပ်မှုဒဏ်ကို အပြင်းအထန် ခံစားနေရတဲ့အရေအတွက်ဟာလည်း ကိုးသန်းခန့်အထိ ရှိနေပါတယ်။**

ရိက္ခာပြတ်နေတဲ့ လူ ၁၃ သန်းခန့်ဟာ အရေးပေါ်ကယ်ဆယ်ရေးအကူအညီများ အပူတပြင်း လိုအပ်နေပြီး လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းဟာ မသန့်ရှင်းစိတ်မချရတဲ့၊ ကျန်းမာရေးနဲ့လည်း မညီညွတ်တဲ့ အစာရေစာများကိုသာ စားသောက်နေကြရပါတယ်။ ကလေးသုံးယောက်တိုင်းမှာ တစ်ယောက်ဟာ အာဟာရချို့တဲ့တဲ့ ရောဂါများ ခံစားနေရပါတယ်။ ဒီကြားထဲ ကိုဗစ်ဝင်လာတော့ ပိုဆိုးသွားတာပါတယ်။ ဆိုးဆိုးရွားရွား ဆင်းဆင်းရဲရဲ စားသောက်နေထိုင်နေရတဲ့ဘဝမှာ အနောက်နိုင်ငံတွေရဲ့ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုတွေကြားက ကိုဗစ်ကို အန်တုရင်ဆိုင်ဖို့ ဘယ်လိုမှမဖြစ်နိုင်တဲ့ အခြေအနေပါ။ ရောဂါရှိမရှိ လုံလုံလောက်လောက် မစစ်ဆေးနိုင်တဲ့ အခြေအနေမှာ ကိုဗစ်ကြောင့် ဘယ်လောက် သေဆုံးသွားကြတယ်ဆိုတာကိုလည်း ဘယ်လိုမှမှန်းဆလို့မရနိုင်ပါဘူး။

**အချုပ်ဆိုရရင် စစ်ပွဲဆိုတာ ဘယ်နေရာမှာမှ မကောင်းပါဘူး။ အမြောက်ဆန် ဗုံးဒဏ်တွေကြောင့် ပြိုကျပျက်စီးကြေမွနေတဲ့ လမ်းတွေ၊ တံတားတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ၊ အထပ်မြင့်တိုက်တာတွေကို မြင်ကြည့်ပါ။ စစ်ပွဲရဲ့အနိဋ္ဌာရုံတွေကို စစ်ပွဲဖန်တီးသူရော ကာယကံရှင်ပါဝင်တိုက်ခိုက်နေသူတွေသာမက အပြစ်မဲ့ပြည်သူတွေပါ ခံစားရပြီး အလုံးစုံပျက်သုဉ်းမှုဆီကိုသာ ဦးတည်တယ်ဆိုတဲ့အချက်ကို ဖော်ထုတ်နိုင်ပါလိမ့်မယ်။**

**ဆူပူမှုတွေဖြစ်စေတဲ့ အကြောင်းတရားတွေနဲ့ အကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်ကြပုံ၊ မတူညီတဲ့ တုံ့ပြန်ပုံနဲ့ ရလဒ်ကွာခြားပုံစတဲ့ အတိတ်ရဲ့အဖိုးတန်သင်ခန်းစာများကို အထူးစိတ်ဝင်စားသင့်ပါတယ်။ မညီမျှမှုတွေအတွက် ခံစားမှုတွေနဲ့အတူ ဖြစ်ပေါ်လာတဲ့ တော်လှန်ရေးတစ်ရပ်ဟာ မညီမျှမျှတမှုဆိုတဲ့ ရလဒ်တွေကိုသာ ဖြစ်ပေါ်စေပြီး အလုံးစုံပျက်သုဉ်းမှုများနဲ့သာ အဆုံးသတ်ခဲ့ပုံကို ဆီးရီးယားပြည်တွင်းစစ်က သင်ခန်းစာပေးလျက်ရှိနေကြောင်းပါ။ ။**

# ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များက ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုများကျူးလွန်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကယားပြည်နယ် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်ရှိအစိုးရနည်းပညာတက္ကသိုလ် (GTU) နှင့် ဗုဒ္ဓဥယျာဉ်တစ်ဝိုက် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ စိမ့်ဝင်ရောက်ရှိနေကြောင်း အကြမ်းဖက်အဖွဲ့အစည်းများကို မလိုလား၊ လက်မခံသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ ဖော်ထုတ်ချေမှုန်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် လူနေအဆောက်အဦများ၊ အစိုးရ အဆောက်အဦများနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကာအကွယ်ရယူ၍ လည်းကောင်း၊ ရပ်ကွက်အတွင်းရှိဒေသခံများအား အန္တရာယ်အတွင်းမှ ဘေးကင်းရာသို့ သွားလာခွင့်ပြုရမည့်အစား လူသားတံတိုင်းအဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုအောက်ရောက်ရှိစေခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း လူသားတံတိုင်းအဖြစ် အသုံးပြုခံရသည့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရမှုမရှိစေခြင်းငှာ အတတ်နိုင်ဆုံးရန်သူ ပစ်မှတ်များကိုသာ အနည်းဆုံးပစ်အားအသုံးပြု၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထို့သို့ထိတွေ့မှုရှိနေစဉ်အတွင်း ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းနှင့် ယနေ့နံနက်ပိုင်းတို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် လွိုင်ကော်အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား/သူများ ထိခိုက်ဒဏ်ရာရရှိစေပြီး မြို့အတွင်း၌ ဖရိုဖရဲဖြင့် ဆူပူမှုများဖြစ်စေရေးအတွက် လူနေရပ်ကွက်များအတွင်း နေရာ ၃ နေရာခွဲ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် အကျဉ်းထောင်အား အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကျဉ်းသားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်အတွင်းမှ ပြန်လည်ပစ်ခတ်ခဲ့ရာ ဇန်နဝါရီလ ၁၁ ရက် ညနေပိုင်းနှင့် ယနေ့နေ့လယ်ပိုင်းတို့တွင် အပစ်အခတ်ရပ်တန့်လျက် အနောက်ဘက်နှင့် အရှေ့တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။ ထို့သို့ အကြမ်းဖက် အုပ်စုနှင့် လက်နက်ကိုင် သောင်းကျန်းသူများဆုတ်ခွာမှုကို သိလျှင်သိချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆုတ်ခွာရာ လမ်းကြောင်းတစ်လျှောက် လက်နက်ကြီး၊ လေကြောင်းပစ်ကူများဖြင့် ပိုင်းဖြတ်ပစ်ခတ်ခဲ့သည်။

ထို့ပြင် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ယနေ့မွန်းလွဲပိုင်းတွင်လည်း မှုံပြာကျေးရွာ၊ ဘာဒိုကျေးရွာ၊ ဘုရားဖြူကျေးရွာများဘက်မှ စိုက်ခင်းများနှင့် လမ်းကြောင်းများကိုအသုံးပြု၍ အင်အားအလုံးအရင်း ထပ်မံဖြည့်တင်းလာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းပစ်ကူများ၊ လက်နက်ကြီးပစ်ကူများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်အဖွဲ့များ ဖရိုဖရဲဖြင့် တောင်ဘက်နှင့် အနောက်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်များတွင် ဒေသခံပြည်သူများထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အစိုးရအဆောက်အဦ တချို့နှင့်အကျဉ်းထောင်မှ အိပ်ဆောင်တချို့ ထိခိုက်ပျက်စီးခဲ့သည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အဆိုပါလုပ်ရပ်များသည် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ဘာသာရေးနှင့် သက်ဆိုင်သည့် အဆောက်အဦ၊ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် လူနေရပ်ကွက် အဆောက်အဦများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ တိုက်ပွဲတွင် ဒေသခံပြည်သူများကို အသက်အန္တရာယ်ဇုန်မှကင်းလွတ်အောင် ထွက်ခွာခွင့်ပြုရမည့်အစား လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ်မဟုတ်သည့် အပြစ်ကြွေးချေးဖြင့်ဆက်လျက်ရှိသော အကျဉ်းသား/သူ ရာဂဏန်းမျှရှိသည့် နယ်ဘက်အကျဉ်းထောင်ကို ရည်ရွယ်ချက်ရှိစွာဖြင့် ဦးတည်တိုက်ခိုက်ခြင်းဖြစ်၍ ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ်မဟုတ်သည့် အဆောက်အဦများအား အကာအကွယ်ရယူခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများကျူးလွန်ခဲ့သည့်ဖြစ်စဉ်နေရာပြပုံ




## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ကျိုင်းတုံအကျဉ်းထောင်နှင့် ကျိုင်းတုံ၊ တာချီလိတ်မြို့မရဲစခန်း၊ တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျိုင်းတုံအကျဉ်းထောင်နှင့် ကျိုင်းတုံမြို့မ ရဲစခန်း၊ တရားရုံးအချုပ်ခန်းများကို လည်းကောင်း၊ ယနေ့တွင် တာချီလိတ်မြို့မ ရဲစခန်း၊ တရားရုံးအချုပ်ခန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု စစ်ဆေးရာတွင် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးသည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျိုင်းတုံ အကျဉ်းထောင်ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ အချုပ်ထောင်၊ အကျဉ်းထောင်ဆေးရုံ၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ Quarantine ထားရှိသည့်အဆောင်၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကို လည်းကောင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု စစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*❍ ကျောဖုံးမှ*

ခြေစစ်ပွဲယှဉ်ပြိုင်ပြီး အနိုင်ရသည့်အသင်းမှာ နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာဆီယံဇုန် အုပ်စုပွဲစဉ်များကို ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဟံသာဝတီအသင်းသည် ယခင်က ခြေစစ်ပွဲအဆင့်မှစတင်ကစားရမည်ဖြစ်သော်လည်း တီမောနှင့် ဘရူနိုင်းကလပ်အသင်းတို့ ကလပ်လိုင်စင်မရရှိသဖြင့် ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ဆုံးရှုံးခဲ့ရာ ခြေစစ်ပွဲကစားရန်မလိုဘဲ အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

ထို့ကြောင့် လာမည့် AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်များဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ အုပ်စုအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် AFC Cup အုပ်စုအဆင့်အပြင် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲလည်း ယှဉ်ပြိုင်ခွင့်ရထားသည်။ ၂၀၂၁ ခုနှစ်တွင် ပြည်တွင်းလိဂ်ဖြစ်သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ မကျင်းပနိုင်သဖြင့် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၂၀ ပြိုင်ပွဲချန်ပီယံရှမ်းယူနိုက်တက်နှင့် ဒုတိယဆုရသည့် ဟံသာဝတီအသင်းတို့ကို ယှဉ်ပြိုင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ယင်းနှစ်သင်းသည် ၂၀၂၁ ခုနှစ်က အာရှအဆင့်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း နုတ်ထွက်ခဲ့သည်။

**ရဲရင့်လွင်**

*✪ ကျောဖုံးမှ*

အယ်ဗာရို ဖာနန်ဒက်စ် ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ ပထမပိုင်းကို ဆောက်သမ်တန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းပြန်လည်စတင်ပြီး မကြာမီ ဆောက်သမ်တန်အသင်း တတိယဂိုးရရှိခဲ့ကာ ဘရိုဂျာက သွင်းယူပေးနိုင်ခဲ့သည်။ ဘရန့်ဖို့ဒ် အသင်းသည် ချေပဂိုးရရှိရန် ကစားသမားအပြောင်းအလဲပြုလုပ်လာခဲ့သော်လည်း ချေပဂိုးနှင့်ဝေးကွာခဲ့ရသည်။ ဆောက်သမ်တန် အသင်းအတွက် စတုတ္ထဂိုးကို မိနစ် ၇၀ တွင် အဒမ်စ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ဆောက်သမ်တန်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၁၂**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့်အဖွဲ့ဝင်များသည် ဖျာပုံမြို့ရှိ နယ်မြေခံတပ်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သစ်တောဦးစီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်း ၂၅ ခုရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

စီမံကိန်းလုပ်ငန်းများ လမ်းညွှန်ကြီးကြပ်မှုကော်မတီ (Project Monitoring Committee) (၂/၂၀၂၁-၂၀၂၂) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်က သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်ရန်ပုံငွေဖြင့် သစ်တောလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများနှင့် ညီညွတ်မှုရှိစေရန်၊ လက်တွေ့ကျပြီး အကျိုးရှိထိရောက်သည့် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ရန်၊ နိုင်ငံနှင့်ပြည်သူများအတွက် အကျိုးကျေးဇူးများစွာရရှိပြီး ထင်သာမြင်သာသည့်ရလဒ်များ ကျန်ရစ်စေရန် တို့ကို ဦးစားပေးစဉ်းစား ဆောင်ရွက်လျက်ရှိကြောင်း။

သစ်တောဦးစီးဌာနနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအကြား ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ ပူးပေါင်းဆောင်ရွက်ဆဲ စီမံကိန်းအရေအတွက် ၃၇ ခုရှိသည့်အနက် ယခုဘဏ္ဍာနှစ်တွင် နိုင်ငံတကာ ငွေကြေး အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် စီမံကိန်း ၁၂ ခု၊ NGOs, INGOs များနှင့်အတူ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်း ၂၅ ခုရှိကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စီမံကိန်းများ၏ မူလရည်မှန်းချက်၊ ရည်ရွယ်ချက်များကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ပြီး ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် အချိန်နှင့် တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်ချက်များကို ရေးဆွဲချမှတ်ပြီး၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲပြဿနာများကို ကြိုတင်စဉ်းစားပြင်ဆင်မှုသာ စီမံကိန်း၏ရည်မှန်းချက်များကို ပေါက်မြောက်အောင်မြင်နိုင်မည် ဖြစ်သည့်အတွက် သတိပြုပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စီမံကိန်းတာဝန်ခံများနှင့် တာဝန်ရှိသူအဖွဲ့ဝင်များ တက်ရောက်ကြပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြမှုများအပေါ် ဝိုင်းဝန်းသုံးသပ်အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

ထိုင်းနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများအနက် အထောက်အထားမရှိသူများကို တရားဝင်နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် မတ် ၃ ရက်မှ ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်အထိ သက်တမ်း ၄ နှစ်ဖြင့်ထုတ်ပေးခဲ့သည့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) များသည် ၂၀၂၁ ခုနှစ် မတ် ၃ ရက်မှစ၍ ထုတ်ယူခဲ့သည့်နေ့ရက်များအလိုက် သက်တမ်းကုန်ဆုံးလျက်ရှိသည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများအနက် အထောက်အထားမရှိသူများကို တရားဝင်နေထိုင်လုပ်ကိုင်နိုင်ရန် CI စခန်းများတွင် ထိုင်းအလုပ်အကိုင်ဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ကျန်းမာရေးဌာနများမှလည်း ကောင်တာများဖွင့်လှစ်၍ အလုပ်သမားများအတွက် နေထိုင်ခွင့် (Visa)နှင့် အလုပ်လုပ်ကိုင်ခွင့် (Work Permit) ထုတ်ပေးခြင်းတို့ကို ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ CI သက်တမ်းတိုး လျှောက်ထားသူ အလုပ်သမားများအနေဖြင့် Seven Eleven ဆိုင်များတွင် မိမိလက်ရှိကိုင်ဆောင်ထားသည့် CI စာအုပ်နံပါတ်ဖြင့် စာအုပ်ဖိုး ဘတ် ၃၀၀ နှင့် ဝန်ဆောင်ခဘတ် ၁၀ စုစုပေါင်း ဘတ် ၃၁၀ ပေးသွင်းရန်၊ စခန်းအမည်၊ ရက်ချိန်း၊ တိုကင်နံပါတ်၊ ဆက်သွယ်ရန်ဖုန်းအစရှိသည့်အချက်များပါဝင်သည့် ငွေသွင်းပြေစာရယူရန် (လက်ကိုင်ဖုန်းသို့လည်း မက်ဆေ့ဝင်ရောက်လာမည် ဖြစ်ပါသည်)နှင့် ရက်ချိန်းနေ့တွင် စခန်းသို့ မပျက်မကွက်သွားရောက်ရန်၊ စခန်းသို့ ရောက်ရှိသည့်အခါ ကိုယ်ရေးမှတ်တမ်း ဖြည့်သွင်းပြီးနောက် CI စာအုပ်အဟောင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုဇယား၊ ထိုင်းအလုပ်အကိုင်ဌာနက ထုတ်ပေးထားသည့် စာရွက်စာတမ်းများကို မိတ္တူကူး၍ CI စာအုပ်အသစ်လျှောက်ထားရန်၊ အချက်အလက်များ ပြည့်စုံမှန်ကန်သူသည် စခန်းက ထုတ်ပေးသည့် CI သက်တမ်းတိုးစာအုပ်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်ပြား (Overseas Worker Identification Card – OWIC) ကို ရယူရန် လိုအပ်ကြောင်း သိရှိရသည်။

CI သက်တမ်းတိုးစာအုပ်နှင့် OWIC ကတ် ရရှိပြီးသူများသည် စခန်းရှိ ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာန၏ ကောင်တာတွင် နေထိုင်ခွင့် (Visa) နှင့် အလုပ်လုပ်ကိုင်ခွင့်(Work Permit) လျှောက်ထားရန် လိုအပ်သော်လည်း Visa နှင့် Work Permit သက်တမ်းရှိသူများအနေဖြင့် လျှောက်ထားရန်မလိုကြောင်း သိရသည်။

အကယ်၍ CI စာအုပ်ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းရှိပါက ထိုင်းရဲတပ်ဖွဲ့၏ထောက်ခံချက်၊ မြန်မာသံရုံး၏ ထောက်ခံချက်နှင့်အတူ သက်ဆိုင်ရာ CI စခန်းများသို့ လာရောက်လျှောက်ထားရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိချိန်တွင် CI စာအုပ်တန်ဖိုး ဘတ် ၃၀၀၊ ဒဏ်ကြေး ဘတ် ၁၈၀ စုစုပေါင်း ဘတ် ၄၈၀ ကို စခန်းတာဝန်ရှိသူထံသို့ ပေးသွင်းရမည်ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

ထို့အတူ OWIC ကတ် ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းရှိပါက ထိုင်းရဲတပ်ဖွဲ့၏ထောက်ခံချက်၊ မြန်မာသံရုံး၏ ထောက်ခံချက်နှင့်အတူ သက်ဆိုင်ရာ CI စခန်းများသို့ လာရောက်လျှောက်ထားရမည်ဖြစ်ပြီး ဒဏ်ကြေးအပါအဝင် ဘတ် ၂၀၀ ကို စခန်းတာဝန်ရှိသူထံသို့ ပေးသွင်းရမည်ဖြစ်သည်။

CI သက်တမ်းတိုးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အလုပ်သမားသံအရာရှိ ဦးအောင်ကိုဇော် ဖုန်းနံပါတ်-၀၉၄၈၈၄၅၄၈၄၊ အလုပ်သမားသံအရာရှိ ဦးရဲလင်းထက် ဖုန်းနံပါတ်- ၀၆၅၂၂၀၆ ၉၅၁၊ အလုပ်သမားသံအရာရှိ ဦးလင်းမြတ် ဖုန်းနံပါတ်-၀၆၅၂၂၀၆၉၅၂၊ အလုပ်သမားသံအရာရှိ ဦးပြည့်ဖြိုးအောင် ဖုန်းနံပါတ်-၀၆၅၂၂၀၆၉၅၃ နှင့် အလုပ်သမားသံအရာရှိ ဦးအောင်အောင် ဖုန်းနံပါတ်-၀၉၉၀၅၉၂၃၅၂ တို့ကို ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

အလားတူ CI သက်တမ်းတိုးထုတ်ပေးရေးစခန်း (စမုစခွန်)ဖုန်းနံပါတ် ၀၆၅၂၀၅၅၉၆၀၊ ၀၆၅၂၀၅၅၉၆၁၊ CI သက်တမ်းတိုးထုတ်ပေးရေးစခန်း (စမုပရာကန်) ဖုန်းနံပါတ် ၀၆၅၂၀၅၅၉၆၄၊ ၀၆၅၂၀၅၅၉၆၅၊ CI သက်တမ်းတိုးထုတ်ပေးရေးစခန်း (ချင်းမိုင်) ဖုန်းနံပါတ် ၀၆၅၂၀၅၅၉၆၈၊ ၀၆၅၂၀၅၅၉၆၉၊ CI သက်တမ်းတိုးထုတ်ပေးရေးစခန်း (ချွန်ဘူရီ) ဖုန်းနံပါတ် ၀၆၅၂၀၅၅၉၆၂၊ ၀၆၅၂၀၅၅၉၆၃၊ CI သက်တမ်းတိုးထုတ်ပေးရေးစခန်း (ရနောင်း) ဖုန်းနံပါတ် ၀၆၅၂၀၅၅၉၆၆၊ ၀၆၅၂၀၅၅၉၆၇ တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မင်းလှမြို့နယ် ငရုတ်ကောင်းတဲတိုက်အနီး၌ ဘိန်းစိုက်ခင်း ၄ ဒသမ ၅ ကေခန့် ဖျက်ဆီး

**အထက်မင်းလှ ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပနီဆုံကျေးရွာအုပ်စု ငရုတ်ကောင်း တဲတိုက်တွင် ဘိန်းခင်းများ စိုက်ပျိုးထားကြောင်း သတင်းပေးချက်အရ ဘိန်းခင်းရှာဖွေရေး စစ်ကြောင်းအဖွဲ့မှ သွားရောက်ရှာဖွေခဲ့ရာ ယမန်နေ့နံနက်ပိုင်းက လျှို့ဝှက်စိုက်ပျိုးထားသော ဘိန်းခင်းများ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် ပနီဆုံကျေးရွာအုပ်စု ငရုတ်ကောင်းတဲတိုက်တွင် လျှို့ဝှက်စိုက်ပျိုးထားသည့် ဘိန်းခင်းများရှိကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ မလွန်တပ်နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ဘိန်းခင်းရှာဖွေရေးစစ်ကြောင်းအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက စတင်ရှာဖွေခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀ က ငရုတ်ကောင်းတဲတိုက်၏အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာရှိ ရခိုင်ရိုးမအစပ် ဆင်တစ်မျှော်တောင်ကြားတွင် ဘိန်းပင်တစ်ပေမှ သုံးပေခန့်၊ အချင်းတစ်လက်မခန့်ရှိအသီးများ၊ အချင်းတစ်လက်မခွဲခန့်ရှိအပွင့်များပါ ဘိန်းခင်းနှစ်ကေခန့်နှင့် အဆိုပါ ဘိန်းခင်းဖြင့် သုံးဖာလုံခန့်အကွာတွင် ဘိန်းပင်နှစ်ပေမှ လေးပေခန့်၊ အချင်းတစ်လက်မခန့်အသီးများ၊ အချင်းနှစ်လက်မခန့်ရှိ အပွင့်များပါ ဘိန်းခင်း၂ ဒသမ ၅ ကေခန့်ကို ထပ်မံတွေ့ရှိခဲ့သည်။

အဆိုပါ လျှို့ဝှက်စိုက်ပျိုးထားသည့်ဘိန်းခင်းများကို ဘိန်းခင်းရှာဖွေရေး စစ်ကြောင်းအဖွဲ့မှ ဖျက်ဆီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဓာဓာ(အထက်မင်းလှ)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်၌ အသေးစားချေးငွေလုပ်ငန်း (PACT MYANMAR) မှ ချေးငွေကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် အမျိုးသားခြောက်ဦးက သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၄၀ ကျော် လုယက်ယူဆောင်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်၌ အသေးစားချေးငွေလုပ်ငန်း (PACT MYANMAR) မှ ချေးငွေကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် အမျိုးသားခြောက်ဦးက သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၄၀ ကျော် လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

**သေနတ်ပြ ခြိမ်းခြောက်လုယက်**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နွားဘန်းကြီးကျေးရွာနေ မအိအိမွန် ၃၂ နှစ် (ဘ)ဦးမြသောင်း၏ နေအိမ်တွင် အသေးစားချေးငွေလုပ်ငန်း(PACT MYANMAR)မှ ကွင်းဆင်းတာဝန်ခံဖြစ်သည့် ရွာမရပ်ကွက်နေ ထက်အောင် ၃၂ နှစ် (ဘ) ဦးစံငွေးနှင့် တစ်ရပ်ကွက်တည်းနေ မတင်မျိုးဦး ၃၉ နှစ် (ဘ) ဦးမောင်စံတို့သည် ချေးငွေကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် တူမီးသေနတ်များကိုယ်စီကိုင်ဆောင်ထားသော အမျိုးသားခြောက်ဦးက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး ချေးငွေကျပ်သိန်း ၄၀ နှင့် မတင်မျိုးဦး ကိုင်ဆောင်သည့် ဖုန်းနှစ်လုံး၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခု၊ ယာဉ်မောင်းလိုင်စင် တစ်ခု၊ ကျောပိုးအိတ် နှစ်လုံးတို့ကို သေနတ်ပြခြိမ်းခြောက်၍ လုယက်ယူဆောင်ကာ နွားဘန်းကြီးကျေးရွာ၏ မြောက်ဘက်သို့ ဆိုင်ကယ်မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ သေနတ်ပြခြိမ်းခြောက်၍ ငွေများ လုယက်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် ပိတ်ဆို့ရှာဖွေမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ အမျိုးသားလေးဦးက သေနတ်ပြခြိမ်းခြောက်၍ ငွေနှင့် ရွှေထည်များ လုယက်ယူဆောင်

**နေပြည်တော် ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ အမျိုးသားလေးဦးက သေနတ်ပြခြိမ်းခြောက်၍ ငွေနှင့် ရွှေထည်များကို လုယက်မှုကျူးလွန်ခဲ့ကြောင်း သိရသည်။

**လုယက်ယူဆောင်**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် မဟာမြိုင်ရပ်ကွက်နေ ဆရာဝန် အငြိမ်းစားဖြစ်သူ ဦးတင်ရွှေ ၇၇နှစ် (ဘ) ဦးသန်းမောင်၏ နေအိမ်ကို အမျိုးသားလေးဦးက သေနတ်ပြခြိမ်းခြောက်၍ ငွေနှင့် ရွှေထည်များကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ညနေ ၄ နာရီတွင် ဦးတင်ရွှေ၏ သမီးဖြစ်သူ မစိုးစိုး(၄၇နှစ်)သည် အဆိုပါနေအိမ်အတွင်းရှိနေစဉ် သေနတ်ကိုယ်စီကိုင်ဆောင်ထားသည့် အမျိုးသားလေးဦးသည် ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ဖခင်ဖြစ်သူ ဒေါက်တာ တင်ရွှေ ရှိ/မရှိ မေးမြန်းကာ မစိုးစိုး ကိုင်ဆောင်ထားသည့် I-Phone 6 Plus တစ်လုံး၊ ငွေကျပ် ၅၀၀၀၀၀၊ နေအိမ်အပေါ်ထပ်ရှိ ငွေကျပ် ၄၅၀၀၀၀၊ ပလက်တီနမ် လက်စွပ်လေးကွင်း၊ စိန်လက်စွပ်တစ်ကွင်း၊ ပလက်တီနမ်ဆွဲကြိုးတစ်ကုံး၊ သုံးရောင်ခြယ်ဆွဲကြိုးတစ်ကုံး၊ သုံးရောင်ခြယ်လက်စွပ်တစ်ကွင်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၃၁၀၀၀၀ ခန့် ဒေါက်တာ တင်ရွှေအမည်ဖြင့် ဘဏ်စာအုပ် တစ်အုပ်၊ ဒေါ်ခင်ချိုသက်အမည်ဖြင့် ဘဏ်စာအုပ် တစ်အုပ်၊ မမြေတ်ကျော် အမည်ဖြင့် ဘဏ်စာအုပ် တစ်အုပ်တို့ကို သေနတ်ပြခြိမ်းခြောက်လုယက်ယူဆောင်ကာ ဆိုင်ကယ်များ မောင်းနှင်ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပိတ်ဆို့စစ်ဆေးမှုများဆောင်ရွက်**

ထိုကဲ့သို့ သေနတ်ပြခြိမ်းခြောက်၍ ငွေနှင့် ရွှေထည်များကို လုယက်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် ပိတ်ဆို့စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် မင်းကင်းမြို့နယ် ဇနဗျင်းကျေးရွာရှိ ကလေးငယ်တစ်ဦး သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီခွဲခန့်တွင် ဇနဗျင်းကျေးရွာအဝင်သို့ရောက်ရှိစဉ် အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် အသက် ၁၀ နှစ်အရွယ် မောင်အောင်ကျော်ဟိန်းအား အဆိုပါကျေးရွာရှိ နေအိမ်တစ်လုံးအတွင်း၌ တွေ့ရှိခဲ့သဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

အလားတူ မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ဝယာကျေးရွာနေ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေးများ ဖြစ်သည့် ဦးရာဇာအောင်(၃၀နှစ်) (ဘ)ဦးဉာဏ်ထွန်းနှင့် ဦးမျိုးအောင် (၅၉ နှစ်)တို့သည် လစာငွေများနှင့် မသန်စွမ်းထောက်ပံ့ငွေများထုတ်ယူ၍ ကနီမြို့မှ ပြန်လည်ထွက်ခွာလာစဉ် ဝယာကျေးရွာလမ်းခွဲအရောက်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ဦးရာဇာအောင်နှင့် ဇနီး ဒေါ်သင်းသင်းဌေးတို့အား လစာငွေကျပ် ၁၈၆၀၀၀၊ ဦးမျိုးအောင်နှင့် သမီးဖြစ်သူ မတင်နွယ်လှိုင်တို့အား မသန်စွမ်းသူ ၂၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၀၅၆၀၀၀ တို့နှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကလေးမြို့နယ် သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းဖြစ်သူ ဦးမျိုးမြင့်သည် မိတ္ထီလာခရိုင်သာသနာရေးမှူးရုံးသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရန်အတွက် ကလေးမြို့မှ မိတ္ထီလာမြို့သို့ “ရွှေလွင်ပြင်” ခရီးသည်တင်ယာဉ်ဖြင့် ထွက်ခွာသွားလာစဉ် ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် တောင်ကျောင်းကျေးရွာအနီးအရောက် PDF အမည်ခံအကြမ်းဖက်အဖွဲ့က အဆိုပါ မော်တော်ယာဉ်ကို တားဆီးကာ ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူ ခရီးသည် ၁၀ ဦးအနက် ဦးမျိုးမြင့်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား အကြမ်းဖက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် အကြမ်းဖက်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ စုံစမ်းရှာဖွေမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ်အတွင်း မီးလောင်မှု ၂၁၀၇ ကြိမ်ဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ၂၀၂၁ ခုနှစ်တွင် မီးလောင်မှု ၂၁၀၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ခန့်မှန်း ၃၃ ဘီလီယံကျော် ဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရသည်။

မီးလောင်မှု ဖြစ်စဉ်တို့တွင် ကချင်ပြည်နယ်၌ ၈၁ ကြိမ်၊ ကယားပြည်နယ်၌ ၁၉ ကြိမ်၊ ကရင်ပြည်နယ်၌ ၃၃ ကြိမ်၊ ချင်းပြည်နယ်၌ ၃၈ ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၃၀၁ ကြိမ်၊ တနင်္သာရီတိုင်းဒေသကြီး၌ ၈၅ ကြိမ်၊ နေပြည်တော်၌ ၇၁ ကြိမ်၊ ပဲခူးတိုင်းဒေသကြီး၌ ၁၉၄ ကြိမ်၊ မကွေးတိုင်းဒေသကြီး၌ ၂၁၀ ကြိမ်၊ မန္တလေးတိုင်းဒေသကြီး၌ ၂၄၅ ကြိမ်၊ မွန်ပြည်နယ်၌ ၁၃၂ ကြိမ်၊ ရခိုင်ပြည်နယ်၌ ၆၄ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ၃၁၀၊ ရှမ်းပြည်နယ်၌ ၁၇၃ ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၄၂ ကြိမ်ဖြင့် စုစုပေါင်း ၂၁၀၇ ကြိမ် ဖြစ်ပွားခဲ့ကာ မီးလောင်မှုကြောင့် ၁၀၅ ဦး သေဆုံးခဲ့ပြီး ၁၅၁ ဦး ဒဏ်ရာရရှိခဲ့သည်။



၂၀၂၀ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း မီးလောင်မှု ၂၁၃၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ၇၅ ဦးသေဆုံး၍ ၂၂၀ ဒဏ်ရာရရှိကာ ခန့်မှန်းတန်ဖိုး ခြောက်ဘီလီယံကျော် ဆုံးရှုံးခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်နှင့်ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်၊ မီးသတ်ဦးစီးဌာန၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အားကိုးယုံကြည်မှု ရရှိလာစေရန်နှင့် မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အိုင်တီနည်းပညာဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် 191 Report app ကို ရေးဆွဲထားရာ download ရယူပြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တို့တွင် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုဆိုဖိတ်ခေါ်လျက်ရှိသည်။

မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်ရာ၌ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရသည်။ **ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၂**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်း များ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက် ထမ်ခေါင်ကျားခေါင်းဂူကျိုက်ထီးရိုးတောရကျောင်း၊ မိုင်းဖြတ်မြို့ရှိ ဈေးတန်းဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာရှိ နွယ်ခွေအရှေ့ရွာဦးကျောင်းတိုက်၊ မှော်ဘီမြို့နယ် မင်းရွာကျေးရွာရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တောရကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ ငွေချန်တောင်ဘုန်းတော်ကြီးကျောင်း၊ စစ်တွေမြို့ တြိတဲဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ အောင်မြေရတနာဘုန်းတော်ကြီးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ရတနာကျောင်းသစ်ကျောင်းထူးမြတ်ရိပ်သာ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နယ်နှင့် ဖျာပုံမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးက တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်သည်။ထို့ပြင် တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးကြရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအား ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်က ဖျာပုံမြို့ရှိ နယ်မြေခံ တပ်ရင်း၌ တွေ့ဆုံအမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# "တူယှဉ် နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု(၄) ဒုတိယပွဲစဉ် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် "တူယှဉ် နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု(၄) ဒုတိယပွဲစဉ်ကို ဇန်နဝါရီ ၁၄ ရက် (သောကြာနေ့) ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည်။

အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်းမိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီနား၊ ကယားပြည်နယ်မှ အိမ့်သရဖူ၊ မန္တလေးတိုင်းဒေသကြီးမှ ဝေဝေဖြိုး၊ ချင်းပြည်နယ်မှ ရေဗက္ကာ၊ ကချင်ပြည်နယ်မှ အဂျူး၊ နေပြည်တော်မှ စိုင်းလင်း၊ မကွေးတိုင်းဒေသကြီးမှ မြတ်နိုးစံနှင့် ကရင်ပြည်နယ်မှ စောရဲရဲတို့က ယှဉ်ပြိုင် သီဆိုကြမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့မှ တီးခတ်ပေးမည်ဖြစ်ကာ ဒုတိယအကြိမ်အဖြစ် ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်သည်။

"တူယှဉ် နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲတွင် နေပြည်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားညီအစ်ကို မောင်နှမသုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့က အဖွဲ့ငါးဖွဲ့ခွဲ၍ အုပ်စုပွဲစဉ် ၁၀ ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လည်းကောင်း၊ နောက်ဆုံးပွဲစဉ်သုံးပွဲကို ရန်ကုန်မြို့ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင် လည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်မှစပြီး အပတ်စဉ်သောကြာနေ့ညတွေမှာ Live ရိုက်ကူးထုတ်လွှင့်ပြသခဲ့ရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် တနင်္ဂနွေနေ့ ညအပါအဝင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ အပတ်စဉ် သောကြာနေ့ညတိုင်း သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်များ၌ ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၃၃ ဦး စုစုပေါင်း ၅၇ ဦးနှင့် သံဃာတော်နှစ်ပါးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

❏ လေအေးပေးစက်၏ လေစစ်ဇကာနှင့် ဓာတ်ငွေ့တို့ကို ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းဖြင့် အအေးဓာတ် အပြည့်ရအောင် ဆောင်ရွက်ပါ။

# ဂျပန်နိုင်ငံမြောက်ပိုင်း ဆီးနှင်းများ ထူထပ်စွာကျရောက်

**တိုကျို ဇန်နဝါရီ ၁၂**

နှင်းမုန်တိုင်းများသည် ဂျပန်နိုင်ငံမြောက်ပိုင်းနေရာအချို့ကို ကျရောက်လျက်ရှိသည်။ မိုးလေဝသအရာရှိများက နိုင်ငံ့နေရာအများအပြားတွင် ဆီးနှင်းများ ထူထပ်စွာကျရောက်နိုင်ကြောင်း သတိပေးထားသည်။

ဟော့ကိုင်းဒိုးခရိုင် မြောက်ဘက် ယွန်းယွန်းရှိ ကွတ်ချန်မြို့တွင် ဇန်နဝါရီ ၁၂ ရက် ညနေ ၅ နာရီအထိ သုံးနာရီကြာ ကျဆင်းခဲ့သော နှင်းထုသည် ၁၂ စင်တီမီတာအထိရှိခဲ့သည်။ ထို့အတူ ဖူကူရှီမာခရိုင်ရှိ တီနီအီရှာတွင် ကိုးစင်တီမီတာ၊ ယာမာဂါတာခရိုင်ရှိ နာဂါအီမြို့တွင် ၈ စင်တီမီတာအထိ ကျဆင်းခဲ့သည်။

ကမ်းရိုးတန်းဒေသများတွင်လည်း လေပြင်းများ တိုက်ခတ်လျက်ရှိသည်။ ဟော့ကိုင်းဒိုးရှိ ဝါကာနာအီမြို့တွင် လေပြင်းများသည် တစ်နာရီလျှင် ၁၂၀ ကီလိုမီတာနီးပါး တိုက်ခတ်ခဲ့သည်။

ဂျပန်နိုင်ငံအရှေ့ပိုင်းမှ အနောက်ပိုင်းအထိ ဂျပန်ကမ်းရိုးတန်းတစ်လျှောက်တွင် ဇန်နဝါရီ ၁၃ ရက်တွင် နှင်းများထူထပ်စွာကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

တိုဟိုကူဒေသနှင့် နီအီဂါတာခရိုင်တို့တွင် ဇန်နဝါရီ ၁၃ ရက်ညနေအထိ ၂၄ နာရီအတွင်း နှင်းကျဆင်းမှုသည် ၆၀ စင်တီမီတာရှိမည်ဟု ခန့်မှန်းထားပြီး




နှင်းများ ထူထပ်စွာကျဆင်းနေသည်ကို တွေ့ရစဉ်။

ဟော့ကိုင်းဒိုးနှင့် ဟိုကူရီကူတို့တွင် ၅၀ စင်တီမီတာ၊ ကန်ဇိုင်းဒေသနှင့် ဂီဖုခရိုင်တို့တွင် ၄၀စင်တီမီတာ၊ ကန်တိုကိုရှင်နှင့် ချူဂိုကူဒေသများတွင် ၃၀ စင်တီမီတာစီ အသီးသီးဖြစ်မည်ဟု ခန့်မှန်းထားသည်။

နှင်းကျဆင်းသည့်ဒေသများတွင်သာ နှင်းများထူထပ်စွာကျဆင်းမည်ဖြစ်သည်။ မြောက်ပိုင်းကျူးရှူးနှင့် ရှီကိုကုဒေသများတွင် ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းအထိ ၂၄ နာရီအတွင်း ၁၀ မှ ၁၅ စင်တီမီတာအထိ ဆီးနှင်းများကျဆင်းနိုင်ခြေရှိသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်၏အရေးယူပိတ်ဆို့မှုများကို ရင်ဆိုင်ရန် ကျူးဘားနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် အီရန်ဒုသမ္မတ တိုက်တွန်း

**တီဟီရန် ဇန်နဝါရီ ၁၂**

အမေရိကန်ပြည်ထောင်စု၏အရေးယူပိတ်ဆို့မှုများကို ရင်ဆိုင်ရန် ကျူးဘားနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အီရန်ဒုတိယသမ္မတ မိုဆန်



အီရန်ဒုတိယသမ္မတ မိုဆန်ရီဆီး။

ရီဆီးက တိုက်တွန်းလိုက်ကြောင်း အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းတွင် ဇန်နဝါရီ ၁၂ ရက်က ဖော်ပြလိုက်သည်။

ပူးပေါင်း ဆောင်ရွက်မှုကို တိုးချဲ့ခြင်းအားဖြင့် မိမိတို့သည် အရေးယူပိတ်ဆို့မှုများနှင့် ဖိအားများကို အားပျော့ပျက်ပြယ်စေမည်ဖြစ်ကြောင်း ရီဆီးက ကျူးဘားသမ္မတ မီဂူလ်ဒွေဇ်ကန်နယ်လ်နှင့် နိုင်ကာရာဂွါမြို့တော် မနာဂွာ၌ တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

အီရန်သည် ကျူးဘား၏ ဖိနှိပ်ချုပ်ချယ်မှုများ ဆန့်ကျင်တွန်းလှန်မှုများကို လေးစားကြောင်းနှင့် ကျူးဘားနှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် စဉ်းစားဆုံးဖြတ်ထားကြောင်း သမ္မတတင်မြှောက်ပွဲ အခမ်းအနားသို့ တက်ရောက်လာစဉ် ရီဆီးက ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ပူးတွဲထုတ်လုပ်မှုတွင် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများ ရှိခြင်းကို ရည်ညွှန်းပြီး ၎င်းက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ထို့အပြင် နောက်ထပ် ကဏ္ဍမျိုးစုံ၊ အထူးသဖြင့် သိပ္ပံ၊ နည်းပညာနှင့် ကုန်သွယ်မှုများတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ခြင်း၏အရေးပါပုံကို အလေးအနက်ထား ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု မြင့်တက်လာချိန်တွင် ဝန်ထမ်းပြတ်လပ် အမေရိကန်လေကြောင်းလိုင်းခရီးစဉ် ထောင်ပေါင်းများစွာ ဖျက်သိမ်း

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာချိန်တွင် ဝန်ထမ်း ပြတ်လပ်မှုကြောင့် အမေရိကန် ပြည်ထောင်စုတွင် လေကြောင်းလိုင်းခရီးစဉ် ထောင်ပေါင်းများစွာ ဖျက်သိမ်းခဲ့သည်။

ယူနိုက်တက် လေကြောင်းလိုင်းက ဝန်ထမ်း ၃၀၀၀ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားခဲ့ကြောင်း ပြောကြားလိုက်သည်။

ယူနိုက်တက် အမှုဆောင်အရာရှိချုပ် စကော့ကာဘီက ဇန်နဝါရီ ၁၁ ရက်တွင် ဝန်ထမ်းများထံသို့ ပေးပို့သည့် အီးမေးလ်တစ်စောင်တွင် အဆိုပါအချက်ကို ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။ နယူးဂျာစီပြည်နယ် နီဝက်လေဆိပ်တွင် တစ်နေ့တည်းကို လုပ်သားထု သုံးပုံတစ်ပုံ ဖျားနာခဲ့ကြောင်း ထပ်လောင်းဖော်ပြခဲ့သည်။

သို့သော်လည်းကာကွယ်ဆေး ထိုးထားသည့် ဝန်ထမ်းများမှာ ဆေးရုံတက်ရောက်ရခြင်း မရှိကြောင်းနှင့် သီတင်းပတ် ရှစ်ပတ်အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသတင်းဖော်ပြခြင်း မရှိသေးကြောင်း ပြောကြားခဲ့သည်။

အိုမီခရွန် ဗိုင်းရပ်စ်သည် အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကူးစက်ပျံ့နှံ့လျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုရှိလေကြောင်းလိုင်းများသည် ဝန်ထမ်းပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည်။

**အင်န်အိတ်ချ်ကေ**




ယူနိုက်တက်လေကြောင်းလိုင်းလေယာဉ်တစ်စင်းကို တွေ့ရစဉ်။

# လာအို၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၁၆ ဦးရှိ

**ဗီယင်ကျန်း ဇန်နဝါရီ ၁၂**

လာအိုနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၁၆ ဦးရှိကြောင်း ဖော်ပြခဲ့ပြီး ယင်းတွင် အစုလိုက်ကူးစက်ဖြစ်ပွားမှု ၉၀၈ ခု ပါဝင်ခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အသစ်ထပ်မံဖြစ်ပွားသော အစုလိုက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများအနက် ၃၀၉ ဦးမှာ လာအိုမြို့တော် ဗီယင်ကျန်းမှဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန၊ ကူးစက်ရောဂါထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဆီဆာဗက်ဆူသာနီရာဇေက ဇန်နဝါရီ ၁၂ ရက်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ထို့ပြင် ပြည်ပကူးစက်ဖြစ်ပွားသူ ရှစ်ဦးရှိကြောင်း ဖော်ပြထားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ခုနစ်ဦး ရှိလာသောကြောင့် စုစုပေါင်းသေဆုံးသူ ၄၆၄ ဦးအထိ ရှိလာခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများမြင့်တက်

**တိုကျို ဇန်နဝါရီ ၁၂**

ဂျပန်နိုင်ငံ၌ နိုင်ငံတစ်ဝန်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ဇန်နဝါရီ ၁၂ ရက်က ပထမဆုံး ၁၀၀၀၀ ကျော်လွန်လာခဲ့သည်။

တိုကျိုအစိုးရက ဇန်နဝါရီ ၁၂ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၂၁၉၈ ဦးရှိခဲ့ကြောင်းဖော်ပြခဲ့ပြီး ယခင်ရက်ကထက် နှစ်ဆမြင့်တက်လာခဲ့ကြောင်းနှင့် လေးလအတွင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

မြို့တော်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် လွန်ခဲ့သော ဗုဒ္ဓဟူးနေ့က ၃၉၀ ရှိခဲ့ရာမှ ယခုအခါတွင် ငါးဆကျော်မြင့်တက်လာခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်က တိုကျိုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၄၅ ဦး သို့မဟုတ် ၃၄ ရာခိုင်နှုန်း နီးပါးရှိခဲ့သည်။

ကူးစက်ဖြစ်ပွားသူ ထက်ဝက်နီးပါးခန့်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူထားသူများ ဖြစ်ကြသည်။

နိုင်ငံတစ်ဝန်း အပြင်းအထန်နာမကျန်းဖြစ်သူ ဇန်နဝါရီ ၁၁ ရက်က ၁၀၀ ရှိရာမှ ၁၀ ဦး ထပ်မံတိုးလာခဲ့သည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် နှစ်ဦးထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၁၈၄၀၆ ဦး ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုကို ထိခိုက်လာတဲ့ အိုမီခရွန်

*လင်းဟန်သစ်*

ကူးစက်မြန် အိုမီခရွန် ဗီဇပြောင်း ဗိုင်းရပ်စ်သစ်ကြောင့် လွန်ခဲ့တဲ့နှစ် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုအတိုင်း တဖြည်းဖြည်းတစ်ကျော့ပြန်ပုံစံ ဖြစ်လာပြီးတဲ့နောက်မှာ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုကို အကြီးအကျယ် ထိပါးနှောင့်ယှက်လာခဲ့ပါတယ်။

### ခရီးသွားကဏ္ဍဖရိုဖရဲဖြစ်

ခရီးသွားကဏ္ဍကို နောက်တစ်ဖန် ထိုးနှက်လာခဲ့ပြီး ဖရိုဖရဲဖြစ်စေခဲ့ပါတယ်။ အလုပ်သမားတွေကို နေအိမ်မှာ သီးသန့်နေထိုင်စေဖို့ ဖိအားတွေ ဖြစ်လာစေပါတယ်။ အစိုးရတွေအနေနဲ့လည်း ကန့်သတ်ချက်တွေ ချမှတ်မလား ဒါမှမဟုတ် စီးပွားရေးကို ကမောက်ကမ ဖြစ်ခွင့်ပေးမလားဆိုတဲ့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေကိုချဖို့ ဝေဝါးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

ကူးစက်မြန် အိုမီခရွန်ဗိုင်းရပ်စ်သစ်ဟာ စီးပွားရေးနာလန်ထူမှုမှာ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှု ဖြစ်စေနိုင်မလား သို့မဟုတ် ရောဂါလက္ခဏာမပြဘဲဖြစ်နေတဲ့ အိုမီခရွန်ဗိုင်းရပ်စ်က စီးပွားရေးကို နောက်တစ်ကြိမ် နစ်မြုပ်စေမှာလားဆိုတာကတော့ စဉ်းစားစရာကောင်းပါတယ်။

### အိုမီခရွန်က စီးပွားရေးကို နှောင့်ယှက်ဟန့်တားမှုဖြစ်စေလိမ့်မယ်

ကမ္ဘာ့ဘဏ်က ၂၀၂၂ ခုနှစ်အတွက် တိကျတဲ့ ကမ္ဘာလုံးဆိုင်ရာ ခန့်မှန်းချက်ကို ဇန်နဝါရီ ၁၁ ရက်က ဖော်ပြခဲ့ရာမှာ အိုမီခရွန် ကိုရိုနာဗိုင်းရပ်စ်သစ်ဟာ စီးပွားရေးကို နှောင့်ယှက်ဟန့်တားမှု ဖြစ်စေလိမ့်မယ်ဆိုပြီး ဖော်ပြထားပါတယ်။

ဝါရှင်တန် အခြေစိုက်စီးပွားရေး အဖွဲ့တစ်ဖွဲ့က ကမ္ဘာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုဟာ ၂၀၂၁ ခုနှစ်မှာ ၅ ဒသမ ၅ ရာခိုင်နှုန်းအထိ ပြန်တက်လာပြီး နောက်မှာ ၄ ဒသမ ၁ ရာခိုင်နှုန်းအထိ ပြန်လည် ကျဆင်းလာနိုင်ကြောင်းနဲ့ နောက်ထပ် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ထပ်မံနှေးကွေး ကျဆင်းလာနိုင်ကြောင်း သတိပေးထားပါတယ်။

### ဘူးလေးရာဖရုံဆင့်

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေးဗစ်မယ်လ်ပက်စ်က ကပ်ရောဂါဟာ ဆင်းရဲတဲ့နိုင်ငံတွေကို တန်ဖိုးကြီးကြီး ပေးဆပ်စေရနိုင်ပြီး အရင်ထဲကမှ ဆင်းရဲမှုတွေ၊ အာဟာရချို့တဲ့မှုတွေ၊ ကျန်းမာရေး ပြဿနာတွေ ရှိနေတဲ့အပေါ် ဒုက္ခတွေ ထပ်ဆင့်လိုက်သလို ဘူးလေးရာဖရုံဆင့် ပုံစံမျိုးဖြစ်လာမှာ စိုးရိမ်မိတယ်လို့ ပြောပါတယ်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) အကြီးအကဲ ခရစ်စတာလီနာ ဂျော်ဂျီဗာက ကမ္ဘာ့စီးပွားရေး ကြီးထွားဖွံ့ဖြိုးမှုခန့်မှန်းချက်ဟာ အိုမီခရွန်ဗိုင်းရပ်စ်သစ်ကြောင့် အကွဲကွဲအပြဲပြဲ ဖြစ်နိုင်တဲ့ အခြေအနေမှာရှိတယ်လို့ သတိပေးထားပါတယ်။

အိုင်အမ်အက်ဖ်က ငွေကြေးတိုးတက်မှုဟာ ၂၀၂၁ ခုနှစ်မှာ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ဒီနှစ်မှာတော့ ၄ ဒသမ ၉ ရာခိုင်နှုန်း ရှိနိုင်တယ်လို့ အရင်က ပြောခဲ့ပါတယ်။

### အိုမီခရွန်က<br>စီးပွားရေးပျက်စီးအောင်လုပ်နေ

ကပ်ရောဂါကြောင့် စီးပွားရေးအပေါ် ထိုးနှက်ချက် ကြီးမားလာမယ့်အရေးကို ပျော့ပျောင်းစေဖို့ အမေရိကန်ကျန်းမာရေး အာဏာပိုင်တွေကတော့ သီးသန့်ခွဲခြားနေထိုင်ရမယ့်ကာလကို ထက်ဝက်ကနေ ငါးရက်အထိ လျှော့ချခဲ့ပါတယ်။

မူဒီစီးပွားရေးအရာရှိချုပ် မာ့ခ်ဇန်ဒီက အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ပထမလေးလပတ်မှာ ၂ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့ပြီး ယခင်မျှော်မှန်းထားတဲ့ ၅ ဒသမ ၂ ရာခိုင်နှုန်းထက် ထက်ဝက်မက လျော့နည်းကျဆင်းခဲ့တယ်လို့ ပြောပါတယ်။

အိုမီခရွန်ဟာ စီးပွားရေးပျက်စီးအောင် လုပ်ဆောင်နေပါတယ်။ အကြွေးဝယ်ကတ် အသုံးပြုမှုတွေ၊ စားသောက်ဆိုင်ကြိုတင်မှာယူမှုတွေ လျော့နည်းလာခဲ့ပြီး လေကြောင်းလိုင်း ဖျက်သိမ်းမှုတွေလည်း ရှိလာခဲ့ပါတယ်။ အလားတူ ကျောင်းအတော်များများလည်း အွန်လိုင်းသင်ကြားမှုပုံစံကို ပြန်လည်ပြုလုပ်လာကြတယ်လို့ ဇန်ဒီက ထပ်လောင်းပြောကြားလိုက်ပါတယ်။

### ပြန်လည်ကောင်းမွန်လာမယ်

သို့သော်လည်း မိမိအမြင်ကတော့ အိုမီခရွန်ဟာ အလျင်အမြန်ပဲ ပြီးဆုံးသွားနိုင်ပြီး ဒုတိယလေးလပတ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးဟာ ပြန်လည်ကောင်းမွန်လာမယ်လို့ သူက ထပ်မံဖြည့်စွက် ပြောကြားလိုက်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ် လှိုင်းဂယက်တစ်ခုချင်းစီက ကျန်းမာရေးစနစ်နဲ့ စီးပွားရေးကို နည်းနည်းချင်းစီပျက်စီးယိုယွင်းစေခဲ့မယ်လို့ ထင်တယ်လို့ သူက ပြောပါတယ်။

### ကြီးမားတဲ့မသေချာမှုနဲ့ရင်ဆိုင်ရမယ်

ဥရောပဇုန်မှာလည်း တင်းကျပ်တဲ့ ကန့်သတ်ချက်တွေ၊ စားသုံးသူ သတိပေးချက်တွေနဲ့ စားသုံးသူပြတ်တောက်မှုတွေက နောက်သီတင်းပတ် အနည်းငယ်အတွင်း စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်တွေကို လျော့နည်းစေမှာ ဖြစ်ပါတယ်။ သို့သော်လည်း စီးပွားရေးဟာ ဖေဖော်ဝါရီလမှာတော့ ပြန်လည်နာလန်ထူလာနိုင်ပါတယ်လို့ ဥရောပစီးပွားရေးခေါင်းဆောင် ကန်နင်ဂန်က ပြောကြားလိုက်ပါတယ်။

ကာကွယ်ဆေးထိုးနှုန်း နည်းတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ကြီးမားတဲ့ မသေချာမှုတွေနဲ့ ရင်ဆိုင်ရမှာဖြစ်ပြီး တရုတ်နိုင်ငံရဲ့ ကိုဗစ်-၁၉ ကင်းစင်ရေးမူဝါဒအရ မြို့တွေအကုန်လုံးကို အလုံပိတ် ကန့်သတ်လိုက်မယ်ဆိုရင် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအဆောက်အအုံကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါတယ်။

### ပြန်လည်တိုးတက်လာဖို့မျှော်လင့်

နယ်စပ်တွေပိတ်ထားရခြင်း၊ အလုံပိတ်ကန့်သတ်ချက်တွေ ချမှတ်ထားခြင်းစတဲ့ ကန့်သတ်ချက်တွေကြောင့် ပျက်စီးနေတဲ့ ခရီးသွားကဏ္ဍဟာလည်း ၂၀၂၂ ခုနှစ်မှာ ပြန်လည်တိုးတက်လာဖို့ မျှော်လင့်ရပါတယ်။

သို့သော်လည်း အဓိကဆောင်းရာသီအားလပ်ရက်မှာ အိုမီခရွန်ပေါ်ပေါက်လာတာကြောင့် လေကြောင်းလိုင်းတွေကို ဖျက်သိမ်းလိုက်ရသလို ဇိမ်ခံသင်္ဘောကြီးတွေလည်း ရပ်နားထားဖို့ အကြောင်း ဖြစ်လာပါတယ်။ ထို့အတူ ဟိုတယ်တွေမှာလည်း လာရောက်တည်းခိုဖို့ စာရင်းသွင်းတဲ့လူဦးရေဟာ နည်းသထက် နည်းလာခဲ့ပါတယ်။ သို့သော်လည်း ရင်းနှီးမြှုပ်နှံသူတွေကတော့ အပြုသဘောဆောင်ထားကြပါတယ်။ စီးပွားရေးဟာ အိုမီခရွန် လွန်ကာလမှာ ပြန်လည်ကောင်းမွန်လာဖို့ မျှော်လင့်ထားတယ်လို့လည်း သုတေသီတွေက သုံးသပ်ထားပါတယ်။

### ငွေကြေးဖောင်းပွမှုတွေမြင့်မားလာ

စီးပွားရေးပြန်လည်နာလန်ထူမှုမှာ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုရှိပါတယ်။ ထို့အတူ ငွေကြေးဖောင်းပွမှုလည်း မြင့်မားလာခဲ့ပါတယ်။ ဗဟိုဘဏ်တွေကတော့ ငွေကြေးဖောင်းပွတာဟာ ခဏတာဖြစ်ပြီး နောက်ပိုင်းမှာ ပြန်ကျသွားမယ်လို့ အလေးအနက် ပြောကြားထားပါတယ်။ သို့သော်လည်း စားသုံးသူတွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်နိုင်တယ်လို့ သုံးသပ်ထားပါတယ်။

အစိုးရတွေအနေနဲ့ စီးပွားရေးကို ကုစားဖို့ ၂၀၂၀ ပြည့်နှစ်မှာ စီးပွားရေး ပြန်လည်ထူထောင်ရေး အစီအစဉ်တွေ လုပ်ဆောင်ခဲ့တဲ့အတွက် အကြွေး ၂၂၆ ထရီလီယံ ရှိခဲ့တယ်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ဖြစ်တဲ့ အိုင်အမ်အက်ဖ်က ပြောပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**



ဝါရှင်တန်ရှိ အဆင့်မြင့်ဈေးဝယ်ကုန်တိုက်တစ်ခုတွင် စားသောက်ကုန်များ ပြတ်လပ်နေမှုကိုတွေ့ရစဉ်။

- **ကမ္ဘာ့ဘဏ်က ၂၀၂၂ ခုနှစ်အတွက် တိကျတဲ့ကမ္ဘာလုံးဆိုင်ရာ ခန့်မှန်းချက်ကို ဇန်နဝါရီ ၁၁ ရက်က ဖော်ပြခဲ့ရာမှာ အိုမီခရွန်ကိုရိုနာဗိုင်းရပ်စ်သစ်ဟာ စီးပွားရေးကို နှောင့်ယှက်ဟန့်တားမှုဖြစ်စေလိမ့်မယ်ဆိုပြီး ဖော်ပြထားပါတယ်**
- **ကာကွယ်ဆေးထိုးနှုန်းနည်းတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ကြီးမားတဲ့မသေချာမှုတွေနဲ့ ရင်ဆိုင်ရမှာဖြစ်ပြီး တရုတ်နိုင်ငံရဲ့ ကိုဗစ်-၁၉ ကင်းစင်ရေးမူဝါဒအရ မြို့တွေအကုန်လုံးကို အလုံပိတ် ကန့်သတ်လိုက်မယ်ဆိုရင် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအဆောက်အအုံကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါတယ်**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဇန်နဝါရီ ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၁ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ နှစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၉၇ ဦး ရှိ

(၁၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၅၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅၁) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၆၄,၆၇၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၂,၅၅၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၃၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၀,၈၀၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၉၇) ဦး ရှိ**ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၁-၁-၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၁,၁၅၉,၂၃၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၆,၉၉၆,၈၀၈) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၁၆၂,၄၂၅) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၁-၁-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၃၈,၁၅၆,၀၄၁) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၇၉) ခု | (၂၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၃၄) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၂) ခု | (၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၆၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၅၁) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၁၂၄) ခု | (၁၀၁) ဦး |
| **စုစုပေါင်း** | **(၁၁,၅၂၉) ခု** | **(၁၅၁) ဦး** |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၁၁-၁-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၁၆၂,၄၂၅) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၆,၉၉၆,၈၀၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၁,၁၅၉,၂၃၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses) | (၃၈,၁၅၆,၀၄၁) ကြိမ် |

- **ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာ ကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။**
- **သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

### ၁၂-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၃၃၉၀၈၇၆ | ၄၂၆၄၁၈၅၂ | ၈၆၃၈၉၆ |
| ၂။ | အိန္ဒိယ | ၃၆၀၇၀၅၁၀ | ၃၄၆၃၀၅၃၆ | ၄၈၄၆၅၅ |
| ၃။ | ဘရာဇီး | ၂၂၆၃၀၁၄၂ | ၂၁၆၂၆၈၃၆ | ၆၂၀၈၂၁ |
| ၄။ | ဗြိတိန် | ၁၄၇၃၂၅၉၄ | ၁၀၉၄၅၈၇၄ | ၁၅၀၆၀၉ |
| ၅။ | ပြင်သစ် | ၁၂၅၇၃၂၆၃ | ၈၆၇၁၉၆၉ | ၁၂၆၀၅၉ |
| ၆။ | ရုရှား | ၁၀၇၀၂၁၅၀ | ၉၇၅၈၃၆၄ | ၃၁၈၄၃၂ |
| ၇။ | တူရကီ | ၁၀၁၁၇၉၅၄ | ၉၃၉၄၀၈၉ | ၈၃၉၈၀ |
| ၈။ | အီတလီ | ၇၇၇၄၈၆၃ | ၅၅၀၀၉၃၈ | ၁၃၉၅၅၉ |
| ၉။ | ဂျာမနီ | ၇၆၃၁၄၅၃ | ၆၈၃၆၆၀၀ | ၁၁၅၂၇၄ |
| ၁၀။ | စပိန် | ၇၅၉၂၂၄၂ | ၅၂၀၀၀၅၄ | ၉၀၃၈၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၂- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၈၀၉၇ | ၄၁၁၆၉၆၂ | ၁၄၄၁၅၀ |
| ဖိလစ်ပိုင် | ၃၀၅၈၆၃၄ | ၂၇၉၇၈၁၆ | ၅၂၆၅၄ |
| မလေးရှား | ၂၇၉၂၀၃၅ | ၂၇၂၀၃၉၉ | ၃၁၇၂၃ |
| ထိုင်း | ၂၂၉၂၂၉၀ | ၂၂၀၄၁၃၅ | ၂၁၈၇၂ |
| ဗီယက်နမ် | ၁၉၃၀၄၂၈ | ၁၅၉၆၉၆၀ | ၃၄၇၈၇ |
| မြန်မာ | ၅၃၂၅၅၃ | ၅၁၀၈၀၆ | ၁၉၂၉၇ |
| စင်ကာပူ | ၂၈၇၂၄၃ | ၂၇၉၉၂၃ | ၈၃၈ |
| လာအို | ၁၂၁၄၃၆ | ၁၁၃၆၀၅ | ၄၆၄ |
| ကမ္ဘောဒီးယား | ၁၂၀၆၈၄ | ၁၁၇၀၄၃ | ၃၀၁၅ |
| ဘရူနိုင်း | ၁၅၇၅၀ | ၁၅၃၈၁ | ၉၈ |

# တရားမဝင် သစ်မျိုးစုံ၊ တောရိုင်းတိရစ္ဆာန်များနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ



နေပြည်တော် ဇန်နဝါရီ ၁၂

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှု များကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့က Toyota Hiace ယာဉ်နှစ်စီးပေါ်မှ ခရီးသည်ပစ္စည်း များနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြ နိုင်ခြင်းမရှိသည့် လျှပ်စစ်ရေနွေးအိုး ၃၉၀၊ ဖိနပ်အစုံ ၅၈၀၊ လျှပ်စစ်ဒယ်အိုး ၁၀၀၊ ခေါင်းလိမ်းဆီဘူး ၅၈၀၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇,၉၁၅,၀၀၀) ကို ဖမ်းဆီးရမိခဲ့သည်။**

အလားတူ စစ်ကိုင်းတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့မှ ကလေးဝမြို့နယ်၌ တောရိုင်းတိရစ္ဆာန် မျိုးစုံ ၈၂ ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၀၀၀,၀၀၀) ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ပူးပေါင်း အဖွဲ့မှ ကလေးမြို့နယ်တွင် (လိုင်စင်မဲ့) TOYOTA ALPHARD ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၅,၀၀၀,၀၀၀) ကို လည်း ကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ယနေ့တွင် ပဲခူး တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသ ကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် ပဲခူး၊ တောင်ငူနှင့် သာယာဝတီ ခရိုင်များအတွင်းရှိ ကြိုးဝိုင်း သစ်တောများအတွင်း တရားမဝင် သစ်များ ထုတ်လုပ်လျက်ရှိ ကြောင်း သတင်းအရ ဝင်ရောက် စစ်ဆေးခဲ့ရာ တရားမဝင်သစ်မျိုးစုံ ၄၅ ဒသမ ၀၀၉ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၆,၈၃၃,၅၄၀) ကို ဖမ်းဆီးရမိခဲ့သည်။

သို့ပါ၍ ဇန်နဝါရီ ၁၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေး ရေးစခန်း ပူးပေါင်းအဖွဲ့ကဖမ်းဆီး ရမိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇,၉၁၅,၀၀၀) ကို အကောက်ခွန် ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးမှ ဖမ်းဆီးရမိသည့် တောရိုင်းတိရစ္ဆာန် ၈၂ ကောင် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀,၀၀၀,၀၀၀) နှင့် ပတ်သက်၍ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေး နယ်မြေများ ကာကွယ် စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေအရလည်းကောင်း၊ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသ ကြီးမှ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅,၀၀၀,၀၀၀)ကို ပို့ကုန် သွင်းကုန် ဥပဒေအရလည်း ကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ဖမ်းဆီးရမိသည့် သစ်မျိုးစုံ ၄၅ ဒသမ ၀၀၉ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆,၈၃၃,၅၄၀) ကို သစ်တောဦးစီးဌာန၏ လုပ်ထုံး လုပ်နည်းများအရလည်းကောင်း အရေးယူ ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**သတင်းစဉ်**



## နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထု အခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System– CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃ ရက်မှ ၉ ရက် အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်း များအရ တရားမဝင်ကျွန်း ၁၀၉ ဒသမ ၉၆၃၈ တန်၊ သစ်မာ ၃၇ ဒသမ ၆၄၁၄ တန်၊ အခြား ၁၃၂ ဒသမ ၅၂၂၇ တန် စုစုပေါင်း ၂၈၀ ဒသမ ၁၂၇၉ တန်၊ တရားခံ ၃၀၊ ယာဉ်/ယန္တရား ၁၉ စီး ဖမ်းဆီးရမိခဲ့ ကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီး ရမိမှုမှာ ဇန်နဝါရီ ၄ ရက်တွင် ဧရာဝတီတိုင်းဒေသ ကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ကုန်းပြင်ဘိနယ် ရေနံ့သာ-ဂွ ကားလမ်း မိုင်တိုင်အမှတ် (၁၉) အနီး တွင် တရားမဝင်ကျွန်းခွဲသား ၃၅၅ ချောင်း၊ ၅၃ ဒသမ ၆၇၈၄ တန်၊ ယာဉ် လေးစီးကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

## နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြားများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့အဝင် အိုရီယမ် တယ်တိုးဂိတ်အနီးတွင် လားရှိုးမှ မန္တလေးသို့ ရဲမင်းအောင် (ခ) ကိုငယ် မောင်းနှင်ပြီး လွှမ်းမိုး (ခ) ကိုစိုင်း လိုက်ပါလာသည့် LANDCRUISER မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွ ရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ ရန်ကုန်တိုင်း ဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ နှစ်ဦး ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ရန်ကုန်မြစ်တွင်း စက်တပ်သမ္ဗန်နှင့် တွဲရေယာဉ် တိုက်မှုကြောင့် သမ္ဗန်နစ်မြုပ်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန် မြစ်တွင်း၌ ဒလမြို့နယ်ဘက် ခြမ်းရှိ သမ္ဗတကမ်းခြေ စက်တပ် သမ္ဗန်ကူးတို့ဆိပ်နှင့် ဗိုလ်တထောင် ဆိပ်ကမ်းတို့သို့ ကူးတို့ပြေးဆွဲပေး နေသော စက်တပ်သမ္ဗန်တစ်စင်း နှင့် အနောက်မှ မောင်းနှင်လာ သည့် တွဲရေယာဉ်တို့ ယနေ့ နံနက် ၇ နာရီ မိနစ် ၄၀ က မြစ်အလယ် တွင် တိုက်မှုဖြစ်ပွားရာ စက်တပ် သမ္ဗန် တစ်စင်းနစ်မြုပ်ခဲ့သည်။



**စက်တပ်သမ္ဗန်နစ်မြုပ်မှု ဖြစ်ပွားခဲ့သည့် မြစ်လယ်တစ်နေရာကို မြင်တွေ့ရစဉ်။**

အဆိုပါ ရေယာဉ်နစ်မြုပ်မှု ကြောင့် တွဲရေယာဉ် အောက်သို့ ခရီးသည် အားလုံးနစ်မြုပ်သွားပြီး မကြာမီအချိန်တွင် ရေပေါ်သို့ ရောက်ရှိခဲ့ရာ သမ္ဗတကမ်းခြေ ကူးတို့ဆိပ်နှင့် ဗိုလ်တထောင် ဆိပ်ကမ်းသို့ ပြေးဆွဲနေသော စက်တပ်သမ္ဗန်ရေယာဉ်များ အနီး တွင် ကူးသန်းပို့ဆောင်နေခြင်း ကြောင့် ခရီးသည်များကို အသက် ရှင်လျက် အချိန်မီကယ်တင်နိုင်ခဲ့ ကြောင်း၊ သမ္ဗန်ပေါ်တွင် ရေယာဉ် မောင်းသူ အပါအဝင် အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၁၁ ဦး လိုက်ပါလာခဲ့ပြီး အားလုံးကို ပြန်လည်ကယ်ဆယ် နိုင်ခဲ့ကြောင်း၊ တွဲရေယာဉ်နှင့် ပွတ်တိုက်မှုအရှိန်ကြောင့် ခရီး သည်များ အနည်းငယ်ထိခိုက်မှု နှင့် အသုံးအဆောင် ပစ္စည်းအချို့ (လက်ကိုင်ဖုန်း၊ ငွေစက္ကူရောရာ) မြစ်ထဲကျသွားကြောင်း၊ စက်တပ် သမ္ဗန်မှာ တွဲရေယာဉ်နှင့်ပွတ်တိုက် မှုကြောင့် ကျိုးပဲ့၍ မြစ်အတွင်း နစ်မြုပ်သွားကြောင်း မြို့နယ် စက်တပ်ရေယာဉ် ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌထံမှ သိရသည်။

စက်တပ်သမ္ဗန် နစ်မြုပ်မှု ဖြစ်စဉ်တွင် ပါဝင်သောခရီးသည် အမျိုးသမီးတစ်ဦးက "သမ္ဗန် ပေါ်မှာ အသက်ကယ်အင်္ကျီတွေ ပါတယ်။ မဝတ်ထားတဲ့အခါ ကျတော့ ဖြစ်လာတဲ့အချိန်မှာ ဆွဲထုတ်တယ်၊ ပြန်ပြီးတော့ မြုပ်သွားတယ်၊ သမ္ဗန်စီးရင် ဝတ်ထားမှ အဆင်ပြေမယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

ရန်ကုန်မြစ် အတွင်း၌ စက်တပ်သမ္ဗန်ရေယာဉ် တိမ်း မှောက်မှုနှင့် တိုက်မှုများ မကြာ ခဏဖြစ်ပွားလျက်ရှိရာ ဇန်နဝါရီ ၂ ရက်က မော်စက် စက်တပ်သမ္ဗန် ကူးတို့ဆိပ်နှင့် မော်တင်ဆိပ်ကမ်း ဘက်သို့ ပြေးဆွဲသည့် စက်တပ် သမ္ဗန်တစ်စင်း တိမ်းမှောက်မှု ကြောင့် ရေယာဉ် မောင်းသူနှင့် ခရီးသည် ၁၁ ဦး တို့အနက် ခရီးသည်တစ်ဦး နစ်မြုပ်သေဆုံး မှုဖြစ်ပွားခဲ့ကြောင်း၊ ယခု ၁၂ ရက် တွင် သမ္ဗတကမ်းခြေကူးတို့ဆိပ်မှ ရေယာဉ်မောင်းသူနှင့် ခရီးသည် ၁၀ ဦး လိုက်ပါသည့် စက်တပ် သမ္ဗန်ရေယာဉ် တစ်စင်း မြစ်လယ် တွင် တွဲရေယာဉ်တစ်စင်းနှင့် တိုက်မှုကြောင့် ခရီးသည်များ သေဆုံးမှုမရှိဘဲ ထိခိုက်မှုအချို့ ရှိခဲ့ပြီး အသက်ရှင်လျက် ပြန်လည် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရ သည်။

**သုတ**

# ဆက်သွယ်ရေးတိုင်စိုက်ထူခြင်းလုပ်ငန်းအတွက် တင်ဒါအောင်မြင်သောကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို



**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မြို့ပြဖိုင်ဘာကွန်ရက် (Metropolitan Fiber Network)စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် အရေးပါသည့် Smart Pole/ Mono Pole ဆက်သွယ်ရေးတိုင် စိုက်ထူခြင်းလုပ်ငန်းအတွက် တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုသည့် အခမ်းအနားကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးအခြေခံ အဆောက်အအုံများ တည်ဆောက်လျက်ရှိရာ ဆက်သွယ်ရေး တာဝါတိုင်များတည်ဆောက်ခြင်း၊ ဖိုင်ဘာကြိုးများ သွယ်တန်းခြင်းလုပ်ငန်းများကို စနစ်တကျရှိစေရေးနှင့် တရားမဝင်သွယ်တန်းခြင်း၊ စိုက်ထူခြင်းများမရှိစေရေး BOT စနစ်ဖြင့် ဆောင်ရွက်ရန် ၂၀၁၉ ခုနှစ်ကတည်းက တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပြီး ယခု တင်ဒါ အောင်မြင်သော ကုမ္ပဏီလေးခုနှင့် စာချုပ်ချုပ်ဆိုခြင်းဖြစ်ကြောင်း၊ စာချုပ်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် စည်းကမ်းတကျရှိစေရေး၊ တရားမဝင်လုပ်ဆောင်မှုများ ပပျောက်စေရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ (ကိုယ်စား) အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် တင်ဒါ အောင်မြင်သောကုမ္ပဏီ လေးခုတို့မှ တာဝန်ရှိသူများက စာချုပ်လက်မှတ်ရေးထိုးကြပြီး တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် လုပ်ငန်းဆောင်ရွက်မည့်ကုမ္ပဏီများ၏ ကိုယ်စားလှယ် တစ်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ညောင်ဦးခရိုင်၌ လူဦးရေ ၃၁၀၀၀၀ ကျော် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်

**ညောင်ဦး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်း၌ ဇန်နဝါရီ ၁၁ ရက်နံနက်ပိုင်းအထိ လူဦးရေ၃၁၀၉၁၁ ဦးအား ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်ကြောင်း ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

ညောင်ဦးခရိုင် အတွင်း ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေး ထိုးပေးနိုင်ရန်အတွက် ကျောက်ပန်းတောင်းမြို့နယ်တွင် သတ်မှတ် စုရပ် ၁၂ နေရာ၊ ညောင်ဦးမြို့နယ်တွင် သတ်မှတ်စုရပ် ၁၂ နေရာ၌ ကိုဗစ်– ၁၉ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ညောင်ဦးမြို့နယ်တွင် Sino-pharm ကိုဗစ်ကာကွယ်ဆေး ပထမအကြိမ် ထိုးပေးနိုင်မှု ၈၈၅၃၀၊ ဒုတိယအကြိမ် ၅၀၃၂၀ ၊ Sinovac ပထမအကြိမ် ၃၇၃၀ ၊ ဒုတိယအကြိမ် ၃၂၅၄ ဦး စုစုပေါင်း ၁၄၅၈၃၄ ဦး ထိုးနိုင်ပေးခဲ့ပြီဖြစ်သည်။ ကျောက်ပန်းတောင်း မြို့နယ်တွင် Sinopharm ကာကွယ်ဆေး ပထမအကြိမ် ထိုးပေးနိုင်မှု ၉၅၁၉၁ ဦး၊ ဒုတိယအကြိမ် ထိုးပေးနိုင်မှု ၆၀၂၄၇ဦး၊ Sinovac ကာကွယ်ဆေး ပထမအကြိမ်ထိုးပေးနိုင်မှု ၅၂၉၄ ဦးနှင့် ဒုတိယအကြိမ် ၄၃၄၅ ဦး ထိုးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



ဆေးခွဲတမ်းရရှိမှု အပေါ်မူတည်၍ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်းနှင့် ဝေးလံသည့် ကျေးရွာများသို့လည်း နယ်လှည့် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးအဖွဲ့များဖြင့် လိုက်လံထိုးနှံပေးလျက်ရှိကြောင်း ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးလွင်ထံမှ သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# မိုင်းခတ်မြို့နယ်၌ သီးပွင့်ဆဲဘိန်းခင်း ခြောက်ဧက ဖျက်ဆီး

**မိုင်းခတ် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ် နောင်လုံးအုပ်စု ဟိုလင်းအပေါ်ရွာအရှေ့ဘက် လေးမိုင်ခန့်အကွာရှိ သီးပွင့်ဆဲဘိန်းခင်း ခြောက်ဧကကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ယမန်နေ့က သွားရောက်ဖျက်ဆီးခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးနှင့်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်လှုပ်ရှားတပ်ဖွဲ့မှ ဒုရဲအုပ်သိန်းထွန်း၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးဖြိုးလင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က အပင်အမြင့် နှစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ခြောက်ဧကကို ဖျက်ဆီးခဲ့ခြင်းဖြစ်ကာ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန် စီမံချက်များ ရေးဆွဲ၍ ဘိန်းစိုက်ပျိုးခြင်းကိုရပ်တန့်ကာ အခြားစီးပွားဖြစ် သီးနှံများ စိုက်ပျိုးရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခု၌ ဆောင်းနေကြာ ဧက ၇၈၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံစေရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့်နေကြာဆီများကို စားသုံးနိုင်ရန်အတွက် ၂၀၂၁–၂၀၂၂ ခြောက်လဘတ်ဂျက်အတွင်း ဆောင်းနေကြာ ဧက ၇၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ခရိုင်အလိုက် စိုက်ပျိုးပြီးစီးမှုမှာ မန္တလေးခရိုင်တွင် ၂၀၆ ဧက၊ ပြင်ဦးလွင်ခရိုင်တွင် ၆၇၃၉ ဧက၊ ကျောက်ဆည်ခရိုင်တွင် ၁၀၇၂၆ ဧက၊ မိတ္ထီလာ ခရိုင်တွင် ၆၃၀၆ ဧက၊ မြင်းခြံခရိုင်တွင် ၉၄၂၈ ဧက၊ ညောင်ဦး ခရိုင်တွင် ၅၀၉၁ ဧကနှင့် ရမည်းသင်းခရိုင်တွင် ၃၃၈၀၃ ဧကဖြစ်သည်။

“နေကြာကို စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ သက်တမ်းရက် ၈၀ ရှိပါတယ်။ တောင်သူတွေအနေနဲ့ နေကြာကို သီးထပ်သီးညှပ်အဖြစ် ဝင်ငွေတိုးပွားစေဖို့ စိုက်ပျိုးကြပါတယ်။ တစ်ဧကအထွက်နှုန်းပျမ်းမျှအနေနဲ့ ၂၆ တင်းခန့် ထွက်တယ်။ နေကြာက သက်တမ်းတိုပါတယ်။ တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက်၊ ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ နေကြာအပြင် မြေပဲ၊ နှမ်း၊ ပန်းနှမ်းနဲ့ ဆီမုန်ညင်းများလည်း စိုက်ပျိုးကြပါတယ်”ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တိုးတိုးဝင်းက ပြောသည်။

ဆောင်းနေကြာများကို ခရိုင်ခုနစ်ခုရှိ မြို့နယ် ၂၃ မြို့နယ်တွင် စိုက်ပျိုးထားရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံစေရေးအတွက် နှစ်စဉ် စိုက်ပျိုးလျက်ရှိကြောင်း၊ နေကြာဆီသည် ကျန်းမာရေးနှင့် ညီညွတ်ကာ ပြည်သူများအနေဖြင့် နေကြာဆီကိုစားသုံးခြင်းကြောင့် အကျိုးကျေးဇူးများအနေဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ အာရုံကြောရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါစသည့် ရောဂါများကိုလည်း ကာကွယ်ပေးနိုင်ကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကံမမြို့နယ်ဆေးရုံသို့ ကုသရေးပစ္စည်းများနှင့် လူနာစောင့်များ နားနေဆောင် ဆောက်လုပ်လှူဒါန်း

**ကံမ ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးရုံသုံးကုသရေးအထောက်အကူပြုပစ္စည်းများနှင့် လူနာစောင့်များ နားနေဆောင်ကို အလှူရှင်များက ယမန်နေ့က ပေးအပ်လှူဒါန်းသည်။

မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် လှူဒါန်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုထွန်းနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ တက်ရောက်ပြီး ဆေးရုံတွင် တက်ရောက်ကုသကြသည့် လူနာများအတွက် သွေးစစ်ဓာတ်ခွဲခြင်းပြုလုပ်နိုင်ရန် အဆင့်မြင့် အော်တိုဓာတ်ခွဲသွေးစစ်ဆေးစက်နှစ်မျိုး၊ ကိုဗစ်လူနာများအား ကုသရာတွင် ကျန်းမာရေးဝန်ထမ်းများ အသုံးပြုရန်အတွက် လေသန့်စင်အသက်ရှူစက်ပါ အကာအကွယ်ဝတ်စုံ သုံးစုံနှင့် လူနာစောင့်များ နားနေဆောင်တို့ကို အလှူရှင်မိသားစုက ပေးအပ်လှူဒါန်းခဲ့ကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ကျော်ဇေယျာဝင်း(ကံမ)**

# ဗန်းမော်ခရိုင်လုံးဆိုင်ရာ ရှမ်းမျိုးနွယ်ဝင်များ (၄၅)ကြိမ်မြောက် ကောက်ဦးဆွမ်းစုပေါင်းကပ်လှူပွဲ ကျင်းပမည်

**ဗန်းမော် ဇန်နဝါရီ ၁၂**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းမျိုးနွယ်ဝင်များ ကောက်ဦးဆွမ်း စုပေါင်းကပ်လှူပူဇော်ခြင်းကို ယမန်နှစ်က ကိုဗစ် - ၁၉ ရောဂါကြောင့် ရပ်ဆိုင်းခဲ့ရသော်လည်း ယခုနှစ်တွင် (၄၅)ကြိမ်မြောက် ကောက်ဦးဆွမ်းစုပေါင်းကပ်လှူပွဲကို ဇန်နဝါရီ ၁၆ ရက်တွင် ရွှေကျီးနားရပ်ကွက်ရှိ ရွှေကျီးနားစေတီတော်၌ ကျင်းပမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

ကောက်ဦးဆွမ်းစုပေါင်းကပ်လှူပွဲတွင် အိုက်ခေါ်တော်စေတီနှင့် ရွှေကျီးနားစေတီတို့၌ ကောက်ဦးဆွမ်း ကပ်လှူပူဇော်၍ ပင့်သံဃာတော်များနှင့် သီလရှင်များအား အရုဏ်ဆွမ်းကပ် လှူဒါန်းပြီးနောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ကုသိုလ်ရှင်များက ဗန်းမော်ခရိုင်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၂၃၆ တိုက်မှ ပင့်သံဃာ ၂၀၀ နှင့် သီလရှင် အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြမည်ဖြစ်သည်။ ထို့နောက် စေတီတော်ဝန်းကျင်၌ ရေစက်သွန်းချ တရားနာပွဲပြုလုပ်၍ ပင့်သံဃာများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။

အဆိုပါကောက်ဦးဆွမ်းကပ်လှူပူဇော်ပွဲသည် ဗန်းမော်ခရိုင်လုံးဆိုင်ရာ ပွဲဖြစ်၍ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူ မြို့နယ်များနှင့် ရပ်နီးရပ်ဝေးရှိရှမ်းမျိုးနွယ်ဝင်များက ညအိပ် လာရောက်ကြပြီး ရွှေကျီးနားမဟာစေတီတော်နှင့် အိုက်ခေါ်တော်စေတီတော်တို့အား ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်များနှင့် ပေါ်ဦးပေါ်ဖျားကောက်ဦးဆွမ်းစုပေါင်းကပ်လှူခြင်း၊ ဝတ်ရွတ်အသင်းများက တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ကျေးလက်ဒေသများရှိ ဝါးတောများအဆင့်မြှင့်တင်ရန် မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း ကြိုးပမ်းဆောင်ရွက်နေ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ကျေးလက်ဒေသများရှိ သဘာဝ ဝါးတောများကို အဆင့်မြှင့်တင်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းမှ သိရသည်။

"ရွာသားတွေကို ဝါးခုတ်နည်း သင်တန်းပေးပြီး ခုတ်ထားတဲ့ဝါးတွေကို ပြန်ဝယ်ပေးနေပါတယ်။ သဘာဝအတိုင်း ပစ်ထားလို့ရှိရင် ဝါးတောတွေ အရည်အသွေးကျသွားနိုင်ပါတယ်။ သက်တမ်းရင့်ဝါးပင်တွေကို အခုလိုမျိုး စနစ်တကျ ခုတ်ပစ်လိုက်တဲ့အခါ မျှစ်ပေါက်နှုန်းတွေလည်း ပိုကောင်းလာမယ်။ ဝါးလုံးတွေလည်း ပိုဖွံ့ဖြိုးလာမယ်။ အဲဒီလိုမှမလုပ်ဘူးဆိုရင် မျှစ်ထွက်နှုန်းကျမယ်။ ဝါးလုံးတွေလည်း တဖြည်းဖြည်း သေးကုန်လိမ့်မယ်။ ဒါ့ကြောင့် ဒေသခံတွေကို ဝါးတော စနစ်တကျ ထိန်းသိမ်းနည်း သင်တန်းတွေပေးပြီး သူတို့ခုတ်ရောင်းတဲ့ ဝါးတွေကို ပြန်ဝယ်ပေးနေတာပါ။ ဝယ်ယူတဲ့ ဝါးတွေကိုတော့ ဝါးပရိဘောဂတို့၊ ဝါးအဆောက်အအုံတို့ ပြန်လည်ပြုလုပ်ပါတယ်"ဟု မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

သဘာဝဝါးတောများ အရည်အသွေး မြှင့်တင်ရန်အတွက် သက်တမ်းသုံးနှစ်နှင့်အထက် ဝါးပင်အရင့်များကို စနစ်တကျ ခုတ်ဖြတ်ပေးရန် လိုအပ်ကြောင်း သိရသည်။

"ပုံမှန်အားဖြင့်ဆိုရင် ဒေသခံအများစုက နားမလည်ကြဘူး။ ဝါးပင်အရင်းပိုင်းတွေကို မခုတ်ပစ်ကြဘဲ အနုတွေကို ခုတ်ကြတာများတယ်။ ဒါ့ကြောင့် ဝါးနုတွေကို ချန်ထားတတ်အောင်၊ ဝါးအရင့်တွေကို အရင်းကနေ ခုတ်တတ်အောင်၊ သီးဆုံးပင်ဆုံး ယူတတ်အောင်သင်ပေးရပါတယ်။ စည်းကမ်းနဲ့ခုတ်တတ်လာအောင် သင်ပေးတာပါ။ ဝါးအနုတွေကို ခုတ်ပစ်လို့ရှိရင် ဝါးတောသုဉ်းသွားတတ်တယ်။ ဖွေးနေတဲ့ဝါးက ဝါးနုတွေပါ၊ မခုတ်ပစ်ရပါဘူး။ အစက်အပြောက်တွေနဲ့ ဝါးကမှ ဝါးအရင့်ပါ။ သက်တမ်းတအားရင့်လွန်းတဲ့ဝါးတွေကိုတော့ မီးသွေးဖုတ်ဖို့အတွက် ဝယ်ယူပေးနေပါတယ်"ဟု ၎င်းက ဆက်လက် ပြောသည်။

လက်ရှိတွင် နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ဂမုန်းတောင်ကျေးရွာအတွင်း ဝါးတောများ အဆင့်မြှင့်တင်နေပြီး အဆိုပါဒေသ၌ ကြသောင်းဝါးနှင့် ဝါးပိုးဝါးများ အဓိကပေါက်ရောက်ကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းမှ သိရသည်။

**နန်းထက်ထက်ချစ်**

# ချောင်းဆုံမြို့နယ်၌ ခရီးသွားလုပ်ငန်း ပြန်လည်ဖော်ဆောင်နိုင်ရန် စားသောက်ဆိုင်များကို ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဇန်နဝါရီ ၁၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ချောင်းဆုံမြို့ပေါ် ရပ်ကွက် သုံးခုတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စားသောက်ဆိုင်များ၊ မိုတယ်များကို မြို့နယ်ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့(DMO)အဖွဲ့က ဇန်နဝါရီ ၁၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကွင်းဆင်းရာတွင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီက ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီဖွင့်လှစ်ထားရှိရန်၊ လုံခြုံရေးနှင့် ရောဂါဖြစ်ပွားမှု၊ သဘာဝဘေးအန္တရာယ် အစရှိသည့် ကိစ္စရပ်များဆိုင်ရာ အသိပေးနှိုးဆော်ချက်များ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ထားရှိမှုကို သိရှိစေရန်၊ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျရောင်းချကြရန် စသည့်အချက်များကို စားသောက်ဆိုင် ပိုင်ရှင်များအား ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လောက်ကိုင်မြို့၌ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု သင်တန်းဖွင့်

**လောက်ကိုင် ဇန်နဝါရီ ၁၂**



ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လုပ်ငန်းခွင်တွင် ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု (Human Resources Management) သင်တန်းကို ဇန်နဝါရီ ၁၀ ရက်က လောက်ကိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသန့်စင်စိုးက အမှာစကားပြောကြားပြီး သင်ကြားပို့ချပေးမည့် ABC Center မှ နည်းပြဆရာ ဦးစိုးမင်းမောင်က ဝန်ထမ်းများ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရုံးလုပ်ငန်းစီမံခန့်ခွဲမှုများ၊ အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုနှင့်ကျင့်ဝတ်များ၊ လုပ်ငန်းခွင်ဆက်ဆံရေးနည်းလမ်းများကို သင်ကြားပို့ချပေးကာ သင်တန်းသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ လောက်ကိုင်၊ ကုန်းကြမ်းမြို့နယ်များမှသင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို စာတွေ့ လက်တွေ့ ၁၀ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**

# ပလတ်စတစ်အန္တရာယ်အကြောင်း ဟောပြော

**ရွှေဘို ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ရွှေဘိုခရိုင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး ဇန်နဝါရီ ၁၁ ရက်တွင် ပလတ်စတစ်အန္တရာယ်အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးဟောပြောသည်။

ရွှေဘိုခရိုင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်အောင်က ပလတ်စတစ်၊ ပလတ်စတစ်ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် စွန့်ပစ်မှုအခြေအနေများ၊ ပလတ်စတစ်သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော လူမှုပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနည်းလမ်းများ စသည့်ခေါင်းစဉ်များကို အသေးစိတ်ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ ကျောင်းစာကြည့်တိုက်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစာအုပ်များလည်း လှူဒါန်းခဲ့သည်။

**စိုးသီဟ(ရွှေဘို)**

# ဂန့်ဂေါ၌ နိုင်ငံ့ဝန်ထမ်းအိမ်ရာသစ်တည်ဆောက်

**ဂန့်ဂေါ ဇန်နဝါရီ ၁၂**

ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်၌ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ဆောက်လုပ်လျက်ရှိရာ အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုကို ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၀ ရက်က ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းအိမ်ရာသစ်မှာ ရှစ်ခန်းတွဲ ငါးထပ်အမျိုးအစားဖြစ်ပြီး (၁၀၇ x ၆၀ x ၄၈.၅)ပေ ကျယ်ဝန်း၍ RCC အမျိုးအစားဖြစ်သည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် သန်း ၈၈၀ ဖြင့် ဘဏ္ဍာရေးနှစ်လွန် လုပ်ငန်းအဖြစ် တင်ဒါအောင်မြင်သော ကုမ္ပဏီက တာဝန်ယူပြီး ၂၀၂၁ ဇန်နဝါရီလမှ စတင်ဆောက်လုပ်နေခြင်းဖြစ်ကာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးဇင်ဇင်ဇော်ထံမှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၁၉၀ ဖြင့် တည်ဆောက်၍ ၂၀၂၀ ပြည့်နှစ်မှစတင်ပြီး နိုင်ငံ့ဝန်ထမ်းများအား ငှားရမ်းပေးထားသည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ရှစ်ခန်းတွဲ ခြောက်ထပ်တွင် ဝန်ထမ်းများ အေးချမ်းစွာ နေထိုင်ကြမှု အခြေအနေများ၊ ငှားရမ်းပေးထားသည့် အိမ်ခန်းများကို မိမိတို့၏ ကိုယ်ပိုင်ကဲ့သို့ သန့်ရှင်းစွာ နေထိုင်ကြရန်၊ သန့်ရှင်းသာယာလှပရေးနှင့် လုံခြုံရေးကော်မတီများတွင် ပါဝင်သည့်ဝန်ထမ်းများ ပြောင်းရွှေ့မှုရှိပါက အသစ်ပြန်လည်ဖွဲ့စည်းနိုင်ရေး တင်ပြကြရန်နှင့် ဝန်ထမ်းများပြောင်းရွှေ့သွားပါက ငှားရမ်းထားသည့်အိမ်ခန်းများကို စနစ်တကျပြန်လည်အပ်နှံကြရန်လည်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မှာကြားခဲ့သည်။



အဆိုပါ ဝန်ထမ်းအိမ်ရာတည်ဆောက်ပြီးစီးပါက အခန်းပေါင်း ၄၀ ရရှိကာ နိုင်ငံ့ဝန်ထမ်း မိသားစုပေါင်း ၄၀ အား ငှားရမ်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**

# “စိန်ရတု ပြည်ထောင်စု လူရွှင်တော်ဖလား” လူရွှင်တော်ပြိုင်ပွဲ၊ ပွဲစဉ်(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇန်နဝါရီ ၁၂

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြန်မာနိုင်ငံ လူရွှင်တော်အသင်း (ဗဟို) တို့ ပူးပေါင်းပြီး “စိန်ရတု ပြည်ထောင်စုလူရွှင်တော်ဖလား” လူရွှင်တော်ပြိုင်ပွဲ၊ ပွဲစဉ် (၂) ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက် (စနေနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။




ယင်းပြိုင်ပွဲတွင် ဟာသမင်္ဂလာ ရွှေဆိုင်းတော်အဖွဲ့ တီးခတ်မှုနှင့်အတူ လူရွှင်တော်များဖြစ်ကြသည့် ရွှေကျား၊ ရွှေကောင်း၊ ဖြိုးကျော်နှင့် ပေါက်ကျော် တို့က ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း ၁ နာရီခွဲ၌ National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၁ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၄၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၄၅၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၉၀/၁၄၁၀ ကျပ် | ၁၄၂၅/၁၄၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၀၀/၁၄၃၀ ကျပ် | ၁၄၄၀/၁၄၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၀၅/၁၄၂၅ ကျပ် | ၁၄၇၀/၁၄၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၅၅/၁၄၉၀ ကျပ် | ၁၅၇၀/၁၅၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၀ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၆ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၂၁၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၀ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၆၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၀၃၅ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၀၀၀ | ၆၁၈ | ၄၉၉၄၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၅၀ | ၁၁၃၆ | ၃၄၁၄၈၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၃၀ | ၂၃၇၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၅ | ၉၇၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၅၀၀ | ၅၄၀၀ | ၂၁ | ၁၁၃၅၀၀ |

ညီညီ - စုစည်းသည်

---

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

---

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

၁၃-၁-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၁၅** ယဉ်ကျေးလိမ္မာမွေတေးကဗျာ
**၀၈:၁၅** NRC အစီအစဉ် (ရခိုင်)
**၀၉:၁၅** ကူညီစွမ်းအား ဓာတုနည်းပညာများ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** အပန်းဖြေလို့စိတ်ရွှင်လန်း ဖိုးကျားဆင်စခန်း
**၁၁:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း ‘ရိုးဂုဏ်’
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ ‘မတူညီသောမေတ္တာများ’ (အပိုင်း-၃၂)
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ ‘ပထဝီဝင်ဘာသာရပ်’
**၁၆:၁၅** လုပ်းလို့အရောက်လာပါ Big-M စိုက်ပျိုးရေးခြံကကြိုနေမှာ
**၁၇:၁၅** Soccer View
**၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ ‘အတိတ်ဒါဏ်ဒါဏ်း အချစ်ချိုချို’ (အပိုင်း-၂၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ ‘အဝေးဆုံးသောနေရာ’ (အပိုင်း-၁၉)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း ‘ထင်ဓိယောင်မှား’

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

**07:01** News
**07:10** ASEAN Economic Community #2: Milestones and Key Achievements of the ASEAN Economic Community
**07:16** Chef Life: Myo Min Soe Oo
**07:27** Ecotourism: Shwebo & Hanlin (Ancient Pyu City)
**07:41** Conflict & Solution Between Man & Elephant
**08:01** Let's taste "Sabuti"
**08:08** History Of Kyaik Wyne Pagoda
**08:28** Rakhine Tourist Area
**09:01** News
**09:27** Products of Myanmar - Bamboo Hat
**09:35** Myanmar Prehistory
**10:01** Dances of Myanmar: Mon Traditional Shwe Hintha Dance
**10:07** Myanmar Childhood Games (Episode-1)

**MRTV NRC**

**ဝကကကရင် (၀၆:၀၀ မှ ၀၇:၀၀)** သွေးတိုးရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၄)
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** နွေးထွေးသည့်လုပ်ဘန်းရှာသို့အလည်တစ်ခေါက်
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**မွန် (၁၁:၀၀ မှ ၁၃:၀၀)** ဆေးတံအစ ရှာလွတ်က
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ့ရိုးရာအိမ်ကလေး
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ကလေးငယ်များကိုဖြည့်စွက်စာကျွေးခြင်း
**ဝ (၁၇:၀၀ မှ ၁၉:၀၀)** ရှန်ခိုက်သို့အလည်တစ်ခေါက်
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** လီဆူရိုးရာစားလေ့ကားတက်ပွဲ
**ကယား (၂၁:၀၀ မှ ၂၃:၀၀)** ယင်းတလဲတိုင်းရင်းသားနှင့် သမိုင်းဝင်စောလုံကျေးရွာ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘မမှန်သတင်းပေးခြင်း’
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၃)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုးအကြောင်းသိကောင်းစရာ(အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ပြည်သူများ လမ်းပန်းဆက်သွယ်မှု မြန်ဆန်ချောမွေ့စေမည့် ပဲခူးမြို့ ကျုံးကူးတံတားသစ်

ပဲခူးမြို့သည် ပဲခူးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံအောင် လမ်းတံတားများ တည်ဆောက်လျက်ရှိပြီးသမိုင်းဝင်မြို့တော်လည်းဖြစ်၍ မြို့ရိုးများပြုပြင်ထိန်းသိမ်းခြင်း၊ ကျုံးများရေးမူမပျက် တူးဖော်ခြင်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။



### ရာနှုန်းပြည့် တည်ဆောက်အောင်မြင်

ပဲခူးမြို့တွင် ၂၀၁၉ ခုနှစ် မတ်လ ၃၀ ရက်နေ့မှစ၍ ဘဏ္ဍာနှစ်များအတွင်း ခွင့်ပြုရန်ပုံငွေဖြင့် တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူ တည်ဆောက်သည့် သမိန်ဗရမ်းလမ်း-ဆံတော်တွင်းလမ်းမှ မဂ္ဂတစ်လမ်းမပေါ်ရှိ ကျုံးကူးတံတားကြီးမှာ ရာနှုန်းပြည့် တည်ဆောက်အောင်မြင်သွားပြီဖြစ်သည်။

အဆိုပါကျုံးကူးတံတားကြီးဖွင့်ပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးပြီး တံတားဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ ပျော်ရွှင်စွာဖွင့်လှစ်နိုင်ခဲ့သည်။

ပဲခူးမြို့ဂုဏ်ဆောင်၊ သမိုင်း၏ဂုဏ်ကိုဆောင်သည့် သမိန်ဗရမ်းလမ်း-ဆံတော်တွင်းလမ်းမှ မဂ္ဂတစ်လမ်းမပေါ်ရှိ ကျုံးကူးတံတားကြီးတည်ဆောက်ပေးခြင်းအားဖြင့် ပဲခူးမြို့သည် တိုင်းမြို့တော်ဖြစ်သည့်အလျောက် မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာမည်။ ပတ်ဝန်းကျင်တစ်ဝိုက်လမ်းကို လမ်းကွန်ရက်ချိတ်ဆက်ရာတွင် ကျုံးကူးတံတားမှာ များစွာအထောက်အကူပြုနိုင်မည်။ ပြည်သူများအတွက် သွားလာရေးလွယ်ကူလျင်မြန်၍ စိတ်လက်အပန်းပြေကာ မြို့တော်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်။ ထိုသို့သော အကျိုးရလဒ်ကောင်းများကို မျှော်မှန်းလျက် တည်ဆောက်ခဲ့သည့် ကျုံးကူးတံတားဖြစ်သည်။

ကျုံးကူးတံတားကြီး တည်ဆောက်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၅၆ ဒသမ ၈၄၃ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၆၂၀ သန်း စုစုပေါင်း ငွေကျပ်သန်း ပေါင်း ၁၇၇၆ ဒသမ ၈၄၃ သန်း ရန်ပုံငွေခွင့်ပြုခဲ့သည်။ တံတားတည်ဆောက်ရေးအဖွဲ့သည် ကျုံးကူးတံတားကြီး လှပခိုင်ခံ့ပြီး ရေရှည်တည်တံ့စေရေးအတွက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် တံတားခန်းဖွင့် ပေ ၂၁၀ (ပေ ၃၀ x ၂ ခန်းနှင့် ပေ ၄၀ x ၁ ခန်း)၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် (သုံးပေ ခြောက်လက်မ)တို့ဖြင့် တည်ဆောက်ထားပြီး မိုးရာသီတွင် အောက်ပိုင်းရေလမ်းကြောင်းကောင်းမွန်ရေးအတွက် တံတားအောက်ရေလမ်းကင်းလွတ်ခွင့်အကျယ် ပေ ၅၀၊ တံတားအောက် ရေလမ်းကင်းလွတ်ခွင့်အမြင့် ၁ ဒသမ ၅ မီတာ(၅ ပေ)ရှိပြီး ယာဉ်အလေးချိန် (HS -၂၅) ခွင့်ပြုထားသည်။

### လှပသေသပ်စွာ တည်ဆောက်ထား

ကျုံးကူးတံတား တည်ဆောက်ပုံအမျိုးအစားသည် ဘိုးပိုင်ကွန်ကရစ်အုတ်မြစ်ဖြစ်ပြီး ကိုယ်ထည်ကိုလည်း သံကူကွန်ကရစ်ထိပ်အုပ်ဖြင့် ခိုင်ခံ့စွာ တည်ဆောက်ထားသလို လက်ရန်းကိုလည်း သံကူကွန်ကရစ် Deck Slab လက်ရန်းတို့ဖြင့် လှပသေသပ်စွာ တည်ဆောက်ထားသည်ကို တွေ့မြင်ရသည်။

ကျုံးကူးတံတားကြီး တည်ဆောက်ခြင်းအားဖြင့် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ခြင်း၊ ပြည်သူများ သွားရေးလာရေး အဆင်ပြေချောမွေ့ကာ ယာဉ်အန္တရာယ်ကင်းရှင်းခြင်း၊ ကုန်စည်စီးဆင်းမှုများလည်း လွယ်ကူလျင်မြန်ကာ အချိန်ကုန်သက်သာပြီး လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ရည်ရွယ်ချက်ကောင်းများဖြင့် တည်ဆောက်သည့် တံတားဖြစ်သည်။ ထို့ကြောင့် မိမိတိုင်း၊ မိမိမြို့သည် တိုင်းမြို့တော်ဖြစ်သည်နှင့်အညီ မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်လှပသည့် ပြည်သူ့အကျိုးပြုကျုံးတံတားကြီး တည်ဆောက်ခြင်းဖြစ်သည့်အတွက် ဆောင်းပါးရှင် မိသားစုကလည်း ကျုံးတံတားကြီးတည်ဆောက်ရန်အတွက် မြေနှစ်ကေနီးပါးခန့်ကို လှူဒါန်းပေးခဲ့သည်။

ဤကျုံးကူးတံတားကြီးသည် ဒုတိယမြန်မာနိုင်ငံတော်ကို စည်းလုံးတည်ထောင်နိုင်ခဲ့သည့် ဘုရင့်နောင်မင်းတရားကြီး၏ မိုးကောင်းတံခါး၊ မြို့ရိုးပေါက်ကျုံးအား တည်ဆောက်ထားသည့် တံတားကြီးဖြစ်၍ ပဲခူးမြို့၏ သမိုင်းဂုဏ်ကိုပါ အရောင်လက်စေမည့် ကျုံးတံတားကြီးဖြစ်ကြောင်း မှတ်တမ်းတင် ရေးသားလိုက်ရပါသည်။

**သန့်စင်(ပဲခူး)**

# မင်းလှမြို့၌ မြို့နယ်ခန်းမအသစ်ဖွင့်လှစ်



**အထက်မင်းလှ ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်ခန်းမအသစ်ဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒေါ်နွယ်နွယ်အေးက မြို့နယ်ခန်းမအသစ်တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးထင်အောင်က တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား မြို့နယ်ခန်းမအသစ်ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက မြို့နယ်ခန်းမအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်း သောက်သုံးရေဖူလုံစေရန်အတွက် မြို့မတိုက်နယ် ရွာတော်ကျေးရွာ၊ မြင်ကျတောင်အနီး ကျောက်မှော်ကျောင်းမှ ဂါလန် ၅၀၀၀၀ ဆံ့ ရေစုကန်သို့ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေစုကန်ဆောင်ရွက်နေမှုကို သွားရောက်စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးညီညီထွန်းက ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေစုကန်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

**ဇာဇာ(အထက်မင်းလှ)**

# ရှမ်းပြည်နယ်၌ လူဦးရေ ၆၀ ရာခိုင်နှုန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးပြီးဖြစ်

**တောင်ကြီး ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် လူဦးရေ၏ ၆၀ ဒသမ ၃၂ ရာခိုင်နှုန်းကို ကာကွယ်ဆေးတစ်ကြိမ်လွှမ်းခြုံထိုးနှံနိုင်ခဲ့ပြီး ကျောင်းသားကျောင်းသူများအား ထိုးနှံပြီးစီးမှုမှာ လျာထားမှု၏ ၈၈ ဒသမ ၈ ရာခိုင်နှုန်း ထိုးနှံပြီးဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပြောကြားသည်။

ပြည်နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်က တောင်ကြီးမြို့ရှိပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ လျာထားပြည်သူ ၃၂၀၉၈၄၄ ဦး၊ ကျောင်းသားကျောင်းသူ ၁၄၆၀၂၆ ဦးတို့အား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ ဇန်နဝါရီ ၉ ရက်အထိ တစ်ကြိမ်ထိုးနှံပြီးသူ ၂၀၂၄၃၄၉ ဦး၊ နှစ်ကြိမ်ထိုးနှံပြီးသူ ၁၅၅၆၃၁၅ ဦးရှိ၍ လူဦးရေ၏ ၆၀ ဒသမ ၃၂ ရာခိုင်နှုန်းကို ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးစီးခြင်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ရောဂါဖြစ်ပွားမှုအနေဖြင့် ဇန်နဝါရီ ၉ ရက်အထိ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၃၇၀၇၂ ဦး၊ မြောက်ပိုင်းတွင် ၂၉၁၁၈ ဦး၊ အရှေ့ပိုင်းတွင် ၁၆၇၉၅ ဦး ဖြစ်ပွားခဲ့ပြီး သေဆုံးသူစုစုပေါင်း ၂၃၂၇ ဦး၊ ရောဂါပိုးပြန်လည်ကင်းစင်လာသူ ၇၉၉၃၃ ဦးရှိကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များကလည်း လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**မကွေး ဇန်နဝါရီ ၁၂**
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တို့၏ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးအတွင်း အမှုများအား စစ်ဆေးစီရင်ဆောင်ရွက်ရာ၌ နှောင့်နှေးကြန့်ကြာမှုများ မရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး အမှုများအား ဥပဒေနည်းလမ်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန် တရားစီရင်နိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေကာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အကြံပြုလိုကြောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်အနေဖြင့်လည်း မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများ၏ အမှုပြီးပြတ်မှုအခြေအနေကို မျက်ခြည်မပြတ် ကြည့်ရှုကာ သတိပေးလမ်းညွှန်ခြင်းများ ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများနှင့်အညီ အမှုများ မှန်မှန်နှင့်မြန်မြန် တရားစီရင်ဆုံးဖြတ်နိုင်ရေးအတွက် သမားရိုးကျ နည်းလမ်းဟောင်းများဖြင့် ဆောင်ရွက်နေမည့်အစား တည်ဆဲဥပဒေ ညွှန်ကြားချက်များနှင့်အညီ တာဝန်ရှိသူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းစသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရသွင်ကိုကိုတို့က တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝင်းရှိန်က တိုင်းဒေသကြီး တရားစီရင်ရေးဆိုင်ရာများအား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများဖြစ်ကြသည့် ဦးမြင့်သိန်း၊ ဒေါ်မိမိမော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးသောင်းထွေး၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဝင်းနိုင်တို့က တရားစီးရင်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးတင်ပြခဲ့ပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး အောင်စိုး၊ ခရိုင်တရားသူကြီးများနှင့် ခရိုင်ဥပဒေအရာရှိများက တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

## မအူပင်မြို့နယ် ရာဇူတိုင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဇန်နဝါရီ ၁၂**
ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေရှည်စဉ်ဆက်မပြတ် ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်း ငါးစားသုံးမှုတိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သုံးခွဆိုင်ကျေးရွာ ရာဇူတိုင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၁ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၊ မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀ တက်ရောက်ကြပြီး တလုပ်လှငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ် ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးခုံးမသားပေါက်ကောင်ရေ နှစ်သိန်းနှင့် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ လေးသိန်း စုစုပေါင်း ခြောက်သိန်းအား သုံးခွဆိုင်ကျေးရွာ ရာဇူတိုင်မြစ်အတွင်းသို့ စုပေါင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်

**ဝန်းသို ဇန်နဝါရီ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ချမ်းမြသီတာစံပြကျေးရွာတွင် ရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးရငွေကျပ်သိန်း ၂၈၀ ကျော်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မကို ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ခြောက်သိန်းသုံးသောင်းဖြင့်လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရ ငွေကျပ် ၁၇၈ သိန်းဖြင့် အရှည်ပေ ၉၀၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မ ခင်းခြင်းလုပ်ငန်းကိုလည်းကောင်း စုစုပေါင်း ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၂၈၄ သိန်း သုံးသောင်း အကုန်ကျခံ အသုံးပြုသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**

## သီပေါဒေသမှ တိုက်ပွဲရှောင်တိုင်းရင်းသားများအား ပြည်နယ်ကြက်ခြေနီမှ လူသုံးကုန်ပစ္စည်းများလှူဒါန်း



**သီပေါ ဇန်နဝါရီ ၁၂**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အနောက်ခြမ်းဒေသကျေးရွာများမှ တိုက်ပွဲရှောင်ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဇန်နဝါရီ ၁၀ ရက်ကစပြီး ပေါ်ကြိုဘုရားကြီးဝင်းအတွင်းရှိ ခိုလှုံရေး စခန်းတွင် ရောက်ရှိခိုလှုံလျက်ရှိသည်။

အဆိုပါတိုက်ပွဲရှောင်ပြည်သူများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှပေးပို့သောခြုံစောင်နှင့် ပစ္စည်း ၁၀ မျိုးပါ မိသားစုသုံး သန့်ရှင်းရေးပစ္စည်းများကို ရှမ်းပြည်နယ်မြောက်ပိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် သီပေါမြို့နယ် ကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လှုနှင့် တပ်ဖွဲ့ဝင်များက အိမ်ထောင်စုပေါင်း ၁၃၆ စုမှ လူဦးရေ ၃၀၅ ဦးတို့အား စားစရာမုန့်၊ အချိုရည်၊ သောက်ရေသန့်များအပြင် တိုက်ပွဲရှောင်အသက် ၁၀၀ ကျော်ရှိ အဘွားနန်းကို ပြည်နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌက အလှူငွေကျပ် ၃၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မဘိမ်းမြို့နယ်တွင် ပြည်သူ ၂၉၃၁၆ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီး

**မဘိမ်း ဇန်နဝါရီ ၁၂**
ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ပြည်သူများအား ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဆောက်အအုံသစ်တွင် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**



ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် ပြည်သူများအား အဆင်ပြေလွယ်ကူစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးခဲ့သည်။

မဘိမ်းမြို့နယ်အတွင်း ပြည်သူများအား ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ ၃၃၀ အား ဒုတိယအကြိမ်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံပြီးသူ ၁၂၅၃၁ ဦးနှင့် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ ၁၆၇၈၅ ဦး စုစုပေါင်း ၂၉၃၁၆ ဦး ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကိုလည်း ဆက်လက်ထိုးနှံပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**




အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# မျိုးဆက်သစ်များ တိုးတက်ဖို့ စာဖတ်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "လူငယ်နှင့်စာပေပွဲတော်" ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဆိုသော သတင်းကို နိုင်ငံပိုင်သတင်းစာများတွင် ဖတ်ရှုလိုက်ရသည်။ စာပေဝါသနာရှင်များ၊ မိဘများ၊ အထူးသဖြင့် လူငယ်များအတွက် ဝမ်းမြောက်ဖွယ်ရာ သတင်းတစ်ပုဒ်ပင်ဖြစ်သည်။ စာအုပ်စာစောင်များကို တစ်နေရာတည်းတွင် ရွေးချယ်ဝယ်ယူနိုင်မည့် အခွင့်အလမ်းကြီးတစ်ရပ်ကို ရရှိကြမည်ဖြစ်သည်။ ဖျော်ဖြေရေးအစီအစဉ်များအပြင် လူငယ်များပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်မည့် ပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

### ကောင်းမွန်သော ရည်ရွယ်ချက်များ

လူငယ်နှင့် စာပေပွဲတော်ကို ကလေးများနှင့် လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ လူငယ်များ၏ တီထွင်ဖန်တီးလိုစိတ် ရင့်သန်လာစေရန်နှင့် စာပေဖတ်ရှုလေ့လာလိုစိတ် မြင့်မားလာစေရန်၊ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်မြှင့်တင်ပေးရန်နှင့်အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရန်ဟူသည့် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်

စင်စစ်အားဖြင့် စာပေပွဲတော်များသည် ကလေးများ စာဖတ်ဝါသနာထုံလာစေရန်နှင့် စာပေဖွံ့ဖြိုးတိုးတက်လာစေရန်ပင် ဖြစ်သည်။ အထူးသဖြင့် ကလေးစာပေဖွံ့ဖြိုးတိုးတက်မှသာလျှင် ကလေးများလည်း စာဖတ်နိုင်ခွင့် အခွင့်အလမ်းများ ပိုမိုရရှိစေမည် ဖြစ်သည်။ ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါသော ကလေးသည် အရွယ်ရောက်လာသည့်အခါ တိုင်းပြည်ကအားထားရသည့် လူငယ်များဖြစ်လာကြသည်။ ဆိုရလျှင် စာဖတ်သူသည် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးကို ဝေဖန်ခွဲခြား ဆန်းစစ်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သော ကလေးများသည် နှလုံးသားနူးညံ့ကြသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိကြသည်။ အတ္တနည်းပါးကြသည်။ အပြုသဘောဆောင်စွာ တွေးခေါ်တတ်ကြသည်။ လူကြီးမိဘများအပေါ် သိတတ်ကြသည်။ လူ့အသိုက်အဝန်းကို အကျိုးပြုလိုစိတ်ရှိကြသည်။ ထိုကလေးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုကြပါသည်။

### တိုးတက်မှုကို ဖော်ဆောင်နိုင်

ငယ်စဉ်ကတည်းက စာပေနှင့်ရင်းနှီးကျွမ်းဝင်သော ကလေးသည် ကိုယ်ပိုင်အနာဂတ်ကို ပုံဖော်ထုဆစ် တည်ဆောက်နိုင်စွမ်းရှိကြသည်။ မိမိတိုးတက်မှုကို ရှာဖွေနိုင်ကြသည်။ မိဘများသည် စာဖတ်ဝါသနာထုံသော ကလေးများ၏ အရေးအရာများတွင် အမြဲတစေ ပါဝင်နေရန် မလိုပေ။ ဆိုရလျှင် စာဖတ်နေသော ကလေးတစ်ဦးသည် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့် ပညာဆိုသောအရာကို ပိုင်ဆိုင်ထားနိုင်ပေသည်။ ကျရှုံးမှုများ၊အခက်အခက်များကို ကျော်လွှားနိုင်သည့် နည်းလမ်းများကို စာအုပ်စာပေများမှ တူးဆွရှာဖွေထားပြီးဖြစ်သည်။ ထို့အပြင် အရေးကြီးသော ဆုံးဖြတ်များကိုလည်း တွေဝေမှုမရှိဘဲ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သော ကလေးငယ်များသည် ဘဝခရီးလမ်းတွင် တိုးတက်ပြီးရင်းတိုးတက်လျက်ရှိကြသည်။

### စာဖတ်သူများသာလျှင်

တိုးတက်သော နိုင်ငံများမှ နိုင်ငံသားများသည် စာဖတ်အားကောင်းကြသည်။ ခရီးသွားနေသည့် အချိန်မျိုးမှာပင်လျှင် လက်ထဲ၌ စာအုပ်တစ်အုပ် ကိုင်ထားလေ့ရှိကြသည်။ လေဆိပ်နှင့် ဘူတာများ၌ ခရီးတစ်ထောက်နားသည့် အချိန်မျိုး၌ပင်လျှင် စာအုပ်ဖတ်နေတတ်ကြသည်။ လေယာဉ်၊ ရထား၊ ကား၊ သင်္ဘောများပေါ် ရောက်သည်နှင့် စာအုပ်ဖွင့်ဖတ်ကြသည်။ ဆိုရလျှင် စာဖတ်အားကောင်းသော အင်္ဂလိပ်တို့သည် ၁၉ ရာစုတွင် ကမ္ဘာကြီးကို လွှမ်းမိုးနိုင်ခဲ့သည်။ ထို့အပြင် အမေရိကန်တို့သည်လည်း ၂၀ ရာစုတွင် ကမ္ဘာကြီးကို စိုးမိုးနိုင်ခဲ့သည်။ ထိုနည်းတူစွာ စာဖတ်အားကောင်းကြသည့် တရုတ်တို့ကလည်း ၂၁ ရာစုတွင် ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်ဖို့ ကြိုးစားနေပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ကလေးငယ်များကိုလည်း အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာအောင် ငယ်စဉ်ကတည်း ကစာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိနေအောင်လေ့ကျင့် ပျိုးထောင်ပေးထားသင့်ပါသည်။

### ဖုန်းသုံးစွဲချိန်လျှော့ချသင့်

သို့သော် တချို့သော မိဘများသည် ကလေးငယ်များကို ငယ်စဉ်ကတည်းက စမတ်ဖုန်းများ ပေးထားကြသည်။ ကလေးများသည် လက်ကိုင်ဖုန်းများဖြင့် ဂိမ်းဆော့ခြင်း၊ ဇာတ်ကားများကြည့်ခြင်း၊ လူမှုကွန်ရက်သုံးစွဲခြင်းတို့ကို အလွန်အကျွံ လုပ်ဆောင်လာကြသည်။ တချို့သော ကလေးများသည် ကလေးစာပေကို တစ်ကြိမ်တစ်ခါမျှ မဖတ်ဖူးသော်လည်း လူမှုကွန်ရက်ကိုမူ တွင်ကျယ်စွာ သုံးစွဲနေကြသည်။ အကျိုးဆက်အနေဖြင့် ကျောင်းစာကြိုးစားလိုစိတ် လျှော့နည်းလာသည့်အပြင် မျက်မှန်ထူကြီးများ တပ်ဆင်လာကြရသည်။ အမှန်တော့ အခြေခံပညာသင်ယူနေသောကလေးသည် မိဘမျက်စိအောက်တွင်သာရှိနေသဖြင့် ဖုန်းသုံးစွဲရန်မလိုအပ်ပေ။ ဖြစ်သင့်သည်မှာ ကလေးငယ်များကို တက္ကသိုလ်တက်မှသာလျှင် ဖုန်းသုံးစွဲခွင့်ပေးသင့်ပေသည်။ စမတ်ဖုန်းသည် လူငယ်များအား ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပိုမိုဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် မိဘများအနေဖြင့် မိမိသား သမီးများ၏ တယ်လီဖုန်းသုံးစွဲမှု၊ အထူးသဖြင့် လူမှုကွန်ရက် သုံးစွဲနေမှုကိုလည်း သတိထားစောင့်ကြည့်သွားသင့်ပေသည်။

### အလေ့အကျင့်ပြုလုပ်ပေးသင့်

အခြားတစ်ဖက်တွင်လည်း မိဘများအနေဖြင့် မိမိတို့၏ အတ္တကို ရှေ့တန်းမတင်ဘဲ ကလေးများ၏ ပျော်ရွှင်မှုကိုလည်း ဖန်တီးပေးထားသင့်ပါသည်။ ရုံးပိတ်ရက်များတွင် ကလေးများကို စာကြည့်တိုက်များ၊ ကစားကွင်းများ၊ အပန်းဖြေပန်းခြံများနှင့် တိရစ္ဆာန်ရုံများသို့ လိုက်ပို့ခြင်းမျိုး လုပ်ပေးသင့်ပါသည်။ ကလေးများ ဝယ်ချင်သည့် စာအုပ်စာစောင်များ၊ စားချင်သည့် ကောင်းနိုးရာရာ အစားအသောက်များကို ဝယ်ကျွေးသင့်ပါသည်။ သို့မှသာလျှင် ကလေးများသည် တစ်ပတ်လုံး ပင်ပန်းနွမ်းနယ်ထားသမျှ ဖြေဖျောက်နိုင်ပြီး စာသင်ယူရာတွင် ဦးနှောက်ကြည်လင်တက်ကြွနေမည်ဖြစ်သည်။ အထူးသဖြင့် မိဘများသည် မိမိသား သမီးများ စိတ်ခွန်အား ပြည့်ဝနေစေရန်အတွက် ငယ်စဉ်ကတည်းက စာဖတ်ဝါသနာထုံနေအောင် အလေ့အကျင့် လုပ်ထားရန် လိုအပ်သည်။

ထို့အပြင် မိမိတို့၏ ရင်သွေးငယ်များအား စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်သည့် အလေ့အထကောင်းများ မွေးမြူပေးထားသင့်ပါသည်။ စာပေလေ့လာထားသည့် လူငယ်များပေါ်များသည့် နိုင်ငံသည် တိုးတက်ရန် အခွင့်အလမ်းကောင်းများ ရှိနေမည်မှာအသေအချာပင်ဖြစ်သည်။ သို့သော်လွန်ကဲသော စေတနာများဖြင့် ကလေးငယ်များအား စွယ်စုံကျမ်းများ၊ ရာဇဝင်များနှင့် အတ္ထုပ္ပတ္တိစာအုပ်များကဲ့သို့ သောခက်ခဲသည့် စာပေများကို စ၍မဖတ်ခိုင်းသင့်ပေ။ ရွှေသွေး၊ မိုးသောက်ပန်းနှင့် တေဇရုပ်စုံစာအုပ်များ၊ ဗုဒ္ဓဖြစ်တော်စဉ်များ၊ ပုံပြင်စာအုပ်များဖြင့် စတင်မိတ်ဆက်ပေးသင့်ပါသည်။

ကလေးငယ်များ စာဖတ်သည့်အလေ့အထ စွဲမြဲလာစေရန်သည် ကလေးများနှင့် လက်တစ်ကမ်းအကွာတွင် ကလေးစာပေများ ထားရှိပေးထားရန် လိုအပ်သည်။ အထူးသဖြင့် အားလပ်သည့် ရုံးပိတ်ရက်များတွင် မိသားစုလိုက် စာကြည့်တိုက်သွားသည့် အလေ့အထကို မွေးမြူသင့်ပါသည်။ စာကြည့်တိုက်တွင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီးတို့အတွက် စာအုပ်မျိုးစုံရှိပါသည်။ မိဘများသည် ကလေးငယ်များအား စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်စေရန် လမ်းညွှန်ပြသပေးသင့်ပါသည်။ မိဘများကိုယ်တိုင်သည်လည်း အကျိုးရှိသော စာပေများကို ရွေးချယ်ဖတ်ရှုနိုင်သူဖြစ်အောင် ကြိုးပမ်းလေ့လာဖတ်ရှုထားသင့်ပါသည်။



### အရေးပါသော ကျောင်းစာကြည့်တိုက်များ

အမှန်တော့ ကျောင်းစာကြည့်တိုက်များသည် ကျောင်းနေအရွယ် ကလေးငယ်များ စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိရေးတွင် များစွာ အရေးပါလျက်ရှိသည်။ တတ်နိုင်ပါက ကျောင်းစာကြည့်တိုက်များတွင် ကလေးငယ်များ ကြိုက်နှစ်သက်သည့် ရုပ်ပြစာအုပ်စာစောင်များ၊ ပုံပြင်စာအုပ်များ၊ ဉာဏ်စမ်းစာအုပ်များ၊ တက်ကျမ်းစာအုပ်များ စသည်ဖြင့် ကဏ္ဍစုံစွာ တင်ထားသင့်ပါသည်။ ကျောင်းစာကြည့်တိုက်များကို အချိန်ပြည့် ဖွင့်ထားသင့်ပေသည်။ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများကလည်း ကျောင်းသား ကျောင်းသူများ စာကြည့်တိုက် ဝင်နိုင်ရေးအတွက် စီမံထားသင့်ပေသည်။ ကျောင်းပိတ်ရက်များတွင် ကလေးများကို စာအုပ်ငှားပေးသင့်သည်။ လစဉ် စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး ပြိုင်ပွဲများ ကျင်းပပေးမည်ဆိုလျှင် ကလေးများ၏ စာဖတ်နှုန်းသည် သိသိသာသာ တိုးတက်လာမည်ဖြစ်သည်။ သာဓကအနေဖြင့် ဟားဗတ်တက္ကသိုလ်ရှိ စာကြည့်တိုက်တွင် နံနက် ၃ နာရီအချိန်ထိ စာဖတ်သူများရှိနေသည်ဟု ဆိုသည်။ ထိုမျှစာဖတ်သူများသည် မတိုးတက်စရာအကြောင်းမရှိချေ။

### မျိုးဆက်သစ်များ တိုးတက်ဖို့ စာဖတ်ကြပါစို့

မည်သို့ပင်ဆိုစေကာမူ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် "လူငယ်နှင့်စာပေပွဲတော်" ကျင်းပသွားရန် စီစဉ်ထားသည့်အတွက် ကျောင်းသားမိဘတစ်ဦးအနေဖြင့် များစွာ ပီတိဖြစ်ရပါသည်။ စာပေပွဲတော်များသည် လူငယ်များကို ငယ်စဉ်ကတည်းက စာပေနှင့်ရင်းနှီးကျွမ်းဝင်နေအောင် အခွင့်အလမ်းဖန်းတီးပေးထားခြင်းပင်ဖြစ်သည်။ စာပေဝါသနာထုံသော လူငယ်များသည် ဘဝပန်းတိုင်အတွက် အခက်အခဲများကို ကျော်လွှားရာတွင် မှန်ကန်စွာ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ ထိုကလေးများသည် အနာဂတ်တွင် တိုင်းပြည်က အားထားရသော ခေါင်းဆောင်များဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။ ဆိုရလျှင်စာဖတ်ခြင်းသည် အကျိုးကျေးဇူးများစွာကို ရရှိစေပါသည်။ အထူးသဖြင့် ဘဝတွင် တိုးတက်အောင်မြင်ကြီးပွားပြီး ကြွယ်ဝချမ်းသာစေနိုင်ပါသည်။ အကျိုးရှိအောင်ဖတ်ဖို့ တော့လိုပါသည်။ အောင်မြင်သူအများစုသည် ၎င်းတို့၏အချိန် ၈၀ ရာခိုင်နှုန်းခန့်ကို စာဖတ်ခြင်းဖြင့် ကုန်ဆုံးလေ့ရှိကြသည်။ ပုံမှန်စာဖတ်သူများသည် ကြွယ်ဝချမ်းသာပြီး အောင်မြင်မှုများစွာကို ပိုင်ဆိုင်ထားလေ့ရှိကြသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် တိုးတက်အောင်မြင်ကြီးပွားလိုပါက သုတရသအပါအဝင် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုသွားသင့်ပါကြောင်း အကြံပြုတိုက်တွန်းလိုပါသည်။ ။

**ကလေးငယ်များ စာဖတ်သည့်အလေ့အထ စွဲမြဲလာစေရန်သည် ကလေးများနှင့် လက်တစ်ကမ်းအကွာတွင် ကလေးစာပေများ ထားရှိပေးထားရန် လိုအပ်သည်။ အထူးသဖြင့် အားလပ်သည့် ရုံးပိတ်ရက်များတွင် မိသားစုလိုက် စာကြည့်တိုက်သွားသည့် အလေ့အထကို မွေးမြူသင့်ပါသည်။ စာကြည့်တိုက်တွင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီးတို့အတွက် စာအုပ်မျိုးစုံရှိပါသည်။ မိဘများသည် ကလေးငယ်များအား စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်စေရန် လမ်းညွှန်ပြသပေးသင့်ပါသည်။ မိဘများကိုယ်တိုင်သည်လည်း အကျိုးရှိသော စာပေများကို ရွေးချယ်ဖတ်ရှုနိုင်သူ ဖြစ်အောင် ကြိုးပမ်းလေ့လာဖတ်ရှုထားသင့်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၁၈၈၅။ | ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်ဇနီး ဒေါ်နှင်းနှင်းမြင့်နိုင်(သား)မောင်ဖြိုးပြည့်သက်ပုံ၊ မောင်မင်းပြည့်သက်ပုံမိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၁၈၈၆။ | ဗိုလ်ချုပ်မျိုးအောင်နှင့်ဇနီး ဒေါ်ပပစိုးမိသားစု (ကျောက်စာရုံစေတီ ၁ ဆူ လှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၁၈၈၇။ | ဒေါက်တာခင်မောင်ထွန်းနှင့်ဇနီး ဒေါ်ဥမ္မာသန်း(သမီး)မအိန္ဒြေကြည်ဖြူမင်း (ထက်လင်းတိုင်းရင်းဆေးဝါးနှင့် ရွှေခေါင်းပေါင်းတိုင်းရင်းဆေးမိသားစု) (ကျောက်စာရုံစေတီ ၁ ဆူ လှူဒါန်း) | ရန်ကုန်မြို့ | ၂၈၀၀၀၀၀၀ |
| ၁၈၈၈။ | (ဖခင်)ဦးညွန့်၊ (မိခင်)ဒေါ်ခင်ရွှေ၊ (ဦးလေး)ဦးတုတ်တို့အားရည်စူးပြီး ဦးကျော်ဝင်း၊ ဦးမြဟန်၊ ဦးညီညီ၊ ဒေါ်ခင်မြဝင်း၊ ဒေါ်ခင်အေးကြူတို့အား အမှူးထား၍ ဒေါ်ခင်မြသင်းနှင့် တူ/တူမ မြေးမိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | စစ်ကိုင်းမြို့ | ၁၀၀၀၀၀၀၀ |
| ၁၈၈၉။ | ဗိုလ်မှူးကြီးတင်မောင်ညွန့်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ညွန့်ဝေမိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၂၅၀၀၀၀၀ |
| ၁၈၉၀။ | မိဘများအားအမှူးထား၍ ဦးထင်ဇော်နှင့်ဇနီး ဒေါ်လဲ့လဲ့မွန် သားသမီးမြေးတစ်စု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၅၀၀၀၀၀၀ |
| ၁၈၉၁။ | ဗိုလ်မှူးကြီးထွန်းထွန်းဦး (နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်)နှင့်ဇနီး ဒေါ်ခိုင်မာစိုး (သား)မောင်အောင်ပြည့်ပိုင်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈၉၂။ | ဦးဇော်လှိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်ချို(သမီး)မခွာညိုလှိုင်၊ မဆောင်းဝတ်ရည်လှိုင်မိသားစု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၁၈၉၃။ | တပ်ကြပ်ကြီးတင်ဝင်းနှင့်ဇနီး ဒေါ်ခင်မာရီ(သား)ဦးလွင်ကိုဦး (သမီး)ဒေါ်ချစ်ဇာရီ(မြေး)မောင်ပြည့်ဘုန်းသိခ် မိသားစု | နေပြည်တော် | ၁၁၀၀၀၀၀ |
| ၁၈၉၄။ | ကကနက်မှသူငယ်ချင်းတစ်စုကောင်းမှု | နေပြည်တော် | ၃၀၀၀၀၀ |
| ၁၈၉၅။ | ဗိုလ်မှူးစိုးမင်း(ငြိမ်း)နှင့်ဇနီး ဒေါ်အတာ သား/သမီး/မြေးမိသားစု | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၁၈၉၆။ | ရဲမှူးကြီးသန့်လွင်မောင်နှင့်ဇနီး ဒေါ်အေးမာစိုး(သား)မောင်ထက်မြတ်ထွန်းမိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၈၉၇။ | ဗိုလ်ကြီးထွန်းထွန်းဝင်း(ငြိမ်း)နှင့်ဇနီး မဆုနှင်းသက်မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၈၉၈။ | ဦးထွန်းမောင်နှင့်ဇနီး ဒေါ်သိန်းဦး | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၈၉၉။ | ဦးခင်မောင်ကြည်နှင့်ဇနီး ဒေါ်စောသီတာမြင့်(သမီး)မဖြိုးမွန်မွန်ဦး၊ မဆုဝေဖြိုးမိသားစု (Garden Light-၁၀ တိုင်၊ မဟာရံတံတိုင်းထောင့်တိုင်-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၂၇၀၀၀၀၀ |
| ၁၉၀၀။ | ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၉၂)စည်သူတပ်ခွဲကျောင်းဆင်းအရာရှိများ (မဟာရံတံတိုင်းထောင့်တိုင်-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၁၅၀၀၀၀၀ |
| ၁၉၀၁။ | ဒေါ်အေးအေးမိသားစု(မြဝတီရုပ်သံ) | နေပြည်တော် | ၅၀၀၀ |
| ၁၉၀၂။ | ကွယ်လွန်သူ ဦးထွန်းကြည်အားရည်စူး၍ ဇနီး ဒေါ်တင်ငွေမိသားစု | ပျဉ်းမနားမြို့ | ၁၀၀၀၀၀၀ |
| ၁၉၀၃။ | ဒေါ်အေးမြင့်ကြည်မိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၁၉၀၄။ | ဒေါ်ခင်စမ်းမြင့်၏ (၅၉)နှစ်ပြည့် မွေးနေ့အလှူ (Garden Light-၁ တိုင်လှူဒါန်း) | ဟံဇားမြို့ | ၁၂၀၀၀၀ |
| ၁၉၀၅။ | (ဦးသာစိ)နှင့်ဇနီး ဒေါ်လှရီမိသားစု | ညောင်တုန်းမြို့ | ၁၀၀၀၀၀ |
| ၁၉၀၆။ | ဦးကျော်ထူးအောင်နှင့်ဇနီး ဒေါ်နုနုရီမိသားစု (ကြွေပြား-၁ ကျင်းလှူဒါန်း) | နေပြည်တော် | ၂၀၀၀၀၀ |
| ၁၉၀၇။ | ဦးခင်မောင်ကြီးနှင့်ဇနီး ဒေါ်ကြည်ကြည်(သား)ကိုနေမျိုးအောင်မိသားစု | နေပြည်တော် | ၃၅၀၀၀၀ |
| ၁၉၀၈။ | ဦးသန်းမြင့်အောင်နှင့်ဇနီး ဒေါ်ခင်စန်းရီ(သမီး)မထက်ထက်ဝင်း၊ မပပဝင်းမိသားစု | မြောင်းမြမြို့ | ၅၀၀၀၀ |
| ၁၉၀၉။ | ဦးသက်ဦးထွန်းနှင့်ဇနီး ဒေါ်ခိုင်ခိုင်ထွန်းမိသားစု | နေပြည်တော် | ၅၀၀၀၀ |
| ၁၉၁၀။ | ဒေါ်စုစု | ပုသိမ်မြို့ | ၅၀၀၀၀ |
| ၁၉၁၁။ | Al Zabusoe Co.,Ltd. မိသားစု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |

## ဒေါ်ငွေးငွေးဝင်း (ဘ)ဦးလှမောင်နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက် အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၇၄)၊ ဧရိယာ ၀ ဒသမ ၀၂၇၅ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ငွေးငွေးဝင်း (ဘ) ဦးလှမောင် ၉/မရတ(နိုင်)၁၀၅၄၈၂ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါ်ငွေးငွေးဝင်းထံမှ ကျွန်ုပ်၏အမှုသည်က အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင် နေထိုင်လျက်ရှိပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချသူမှ ဝယ်ယူသူအလိုရှိ သည့်အချိန်တွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း ကတိပြုချက်အရ ရောင်းချသူ ဒေါ်ငွေးငွေးဝင်းအား လိုက်လံစုံစမ်းရှာဖွေသော်လည်း ရှာဖွေမတွေ့ရှိခဲ့ပါ။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဤကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်အမှုသည်ထံသို့ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် လာရောက်ချုပ်ဆိုပေးရန်နှင့် အကယ်၍သတ်မှတ်သည့်ရက်အတွင်း လာရောက်ဆက်သွယ်ချုပ်ဆိုပေးခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ငွေးငွေးဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်၊

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဝိုင်း(ခ)ဒေါ်ခင်ဝိုင်း (ဘ) ဦးဘခင်** | **ဒေါ်သွယ်သွယ်လှိုင်(စဉ်-၉၄၃၆)(၂၁-၁၁-၂၀၁၃)** |
| **၅/ပလဘ(နိုင်)၀၀၃၁၄၈** | **တရားလွှတ်တော်ရှေ့နေ** |
| **စစ-၇/၇၄၊ အောင်ပင်လယ်ရပ်ကွက်** | **အမှတ်(၄/၈)၊ ၅၇(A)လမ်း၊ ၂၆(J)လမ်း နှင့် လမ်း ၃၀ကြား၊** |
| **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့** | **ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၄၃၀၁၂၀၄၄** |

## အမည်ပြောင်း

ဦးဝင်းလွင်ဦး၏ သား ဒဂုံဆိပ်ကမ်းမြို့နယ်၊ မဟာနွယ် ကိုယ်ပိုင် အထက်တန်းကျောင်းမှ မောင်စွမ်းပြည့်ရဲရင့်အား မောင်ညဏ်ရဲရင့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ညဏ်ရဲရင့်**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အထက(ခွဲ) စမ်းကြီးကျောင်း၊ အဋ္ဌမတန်းမှ မချစ်သဲဦး၏ ဖခင် အမည်မှန်မှာ ဦးဇော်ဇော် ၁၀/မလမ(နိုင်)၂၉၃၉၆၇ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/2449 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၄၈၈၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နီလာအောင် ၁၀/ကမရ (နိုင်)၀၉၇၁၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/2465 AMA Light Truck AMA 03 P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း ၉/မနမ(နိုင်) ၀၉၅၅၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်၊ နယ်မြေ(၈)နေ၊ မြေကွက် အမှတ်(၅၀၂) ဦးသန်းငွေ ၉/မထလ (နိုင်) ၀၆၂၂၅၂ မှ (အလျား ၂၅'-၀"xအနံ ၂၅'-၀") RC (၁) ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းလွင်ဖြိုး ၉/အမဇ(နိုင်)၀၂၁၃၈၉ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးဝင်းလွင်ဖြိုးသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၈/ရပ်ကွက်၊ နဝရတ်(၁)လမ်း(အောက်ခြမ်း)၊ အမှတ်(၃၈၉/က)(အလျား ပေ၂၀x အနံ ပေ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ်အဆောက်အအုံတို့အား ဂရန်အမည်ပေါက်ထံမှ အမွေဆက်ခံသည်ဟု အဆိုပြုလာသော (၁) ဒေါ်လှလှမြင့် ၁၂/ ကတတ(နိုင်)၀၁၀၇၁၆နှင့် (၂) ဦးအေးဇော် ၁၂/ကတတ(နိုင်) ၀၀၅၆၆၂ တို့ထံမှ ၈-၁-၂၀၂၂ ရက်စွဲပါ စရန်ပေးစာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အပြည့်အစုံဖြင့် ဤကြော်ငြာစာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ခုနစ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိခဲ့ပါက အဆိုပါအိမ်နှင့် မြေအရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးကျော်သူမြင့် (LL.B) | ဒေါ်ဇင်မာမျိုးမြင့် (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၁၁) | အထက်တန်းရှေ့နေ(စဉ်-၂၂၆၃၂) |

အမှတ်(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်၊
ဖုန်း-၀၉-၄၂၀၀၁၀၅၆၉

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
### တာချီလိတ်ခရိုင်တရားမရုံး၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၉

| | | |
|---|---|---|
| ဦးကိုဦး | နှင့် | ၁။ ဦးဝင်းဇော်ထိုက် |
| အမှတ်(၈/၁၉၇)၊ မကာဟိုခမ်း(ယာမြေ)ရပ် | | ၂။ ဇော်အောင်(ခ) အောင်ဇော် |
| တာချီလိတ်မြို့ | | ၃။ ဦးတိုးတိုးမြင့် |
| **တရားလို** | | **တရားပြိုင်များ** |

လွယ်စတုံအောက်ရွာ၊ ဝမ်လုံးအုပ်စု၊တာချီလိတ်မြို့(ယခုနေရပ်လိပ်စာမသိ)နေ ဦးတိုးတိုးမြင့် သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးကိုဦးက သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၉ အရ တရားနည်းလမ်းအတိုင်းမဟုတ်ဘဲ အတင်းအဓမ္မသိမ်းပိုက်၍ လက်လွတ်ဆုံးရှုံးခဲ့သောမြေအား လက်ရောက်ပြန်လည်ရလိုမှုနှင့်အခင်းဖြစ်မြေအတွင်းရှိ တိုက်အိမ်(၃)လုံး၊ ပစ္စည်းအပါအဝင်နှင့်နှစ်ရှည်ပင်များပျက်စီးမှုအတွက်နစ်နာကြေးငွေကျပ် (၆၅၀၀၀၀၀၀)တိတိ ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၇ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဘုန်းမော်)**
**ဒုတိယခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

အရာတော်မြို့၊ အမှတ်(၁)ပိတောက်မြိုင်ရပ်ကွက်၊ ဦးသိုက်စိုး ၅/အရတ (နိုင်)၀၅၃၄၆၀ သည် **ငွတ်ရှယ်တံဆိပ်** အဆင့်မြင့် ဆန်ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ရောင်းချခဲ့ပါသည်။ ကန့်ကွက်မည့်သူများရှိပါက တစ်ပတ်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိုက်စိုး**
**ဖုန်း-၀၉-၇၇၆၆၁၁၇၆၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကြီးကျေးရွာအုပ်စု၊ အကွက် (၅)နေ ဦးနေဝင်း ၁၀/ခဆန(နိုင်)၀၀၅၀၃၇ နှင့် ဒေါ်ကြည်ကြည်ဝင်း ၁၀/ခဆန(နိုင်) ၀၀၅၀၃၈ တို့၏ သားဖြစ်သူ မောင်အောင်ကိုဟိန်း ၁၀/ခဆန (နိုင်)၀၈၇၆၁၃ သည် မိဘ၏ဆိုဆုံးမမှုအား နာယူမှုမရှိဘဲ မိဘအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သောကြောင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေဝင်း-ဒေါ်ကြည်ကြည်ဝင်း**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျွန်းတော(၂)လမ်းတွင် ဖွင့်လှစ်ထားရှိသော SHWE YAMIN PHYO CO.,LTD ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၃၁၃၆၆၂၁၃ ၏ Founder ဖြစ်သူ ဒေါ်ယမုံဖြိုး ၃/မဝတ(နိုင်)၀၄၃၉၂၂ သည် အောက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အား မြဝတီမြို့ မှတ်ပုံတင်စာချုပ်ရုံး၏ ၇-၁၂-၂၀၂၁ရက်စွဲပါ စာချုပ်အမှတ်(၄၆/၂၀၂၁)ဖြင့် မြွက်ဟကြေညာလျက် တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်-

အထက်ပါအမှတ်တံဆိပ်အမည်အမှတ်အသား 'YMP' ကို အသုံးပြု၍ အလှကုန်ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့တွင် ရိုက်နှိပ်အသုံးပြုကာ မြန်မာနိုင်ငံတစ်ဝန်း နေရာအနှံ့ဖြန့်ဖြူးရောင်းချလျက်ရှိပြီး အဆိုပါပစ္စည်းများ ထည့်သွင်း ထုပ်ပိုးသည့် စက္ကူဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး အစရှိသည့် ထည့်သွင်းပစ္စည်း/ထုပ်ပိုးပစ္စည်းတို့ပေါ်တွင် အထက်ပါ ကုန်အမှတ်တံဆိပ်ကို ရိုက်နှိပ်၍/ကပ်နှိပ်၍ လည်းကောင်း အသုံးပြုလျက်ရှိပါသည်။ ထို့ပြင် အဆိုပါ ကုန်အမှတ်တံဆိပ်ကို ဆိုင်းဘုတ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ Online၊ Internet၊ Website ငွေပြေစာ ဖြတ်ပိုင်း၊ ဗီနိုင်းအစရှိသည့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသော နည်းပညာတို့တွင် အသုံးပြုမည်ဖြစ်ပါသည်။

ထို့ကြောင့် 'YMP' အမှတ်တံဆိပ်အား SHWE YAMIN PHYO CO., LTD ၏ တရားဝင်ခွင့်ပြုချက်မပါရှိဘဲ အဆိုပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ဖြစ်စေသော အသုံးအနှုန်းများ တုပသုံးစွဲခြင်း ပြုလုပ်သူမည်သူမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးမိုးဇော်(LL.B) | ဒေါ်နှင်းသက်သက်ဝေ(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၂၈၀/၂၀၁၅) | (စဉ်-၅၄၂၄) |

ရုံး-အမှတ်(က/၃၆၇)၊ ဗန္ဓုလလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မြဝတီမြို့၊

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
### တာချီလိတ်ခရိုင်တရားမရုံး၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၉

| | | |
|---|---|---|
| ဦးကိုဦး | နှင့် | ၁။ ဦးဝင်းဇော်ထိုက် |
| အမှတ်(၈/၁၉၇)၊ မကာဟိုခမ်း(ယာမြေ)ရပ် | | ၂။ ဇော်အောင်(ခ)အောင်ဇော် |
| တာချီလိတ်မြို့ | | ၃။ ဦးတိုးတိုးမြင့် |
| **တရားလို** | | **တရားပြိုင်** |

တာဝေမီးစက်အနီး၊ ဝိန်းကျောက်ရပ်ကွက်၊ တာချီလိတ်မြို့(ယခုနေရပ်လိပ်စာမသိ)နေ ဇော်အောင်(ခ) အောင်ဇော်သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးကိုဦးက သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၉အရ တရားနည်းလမ်းအတိုင်း မဟုတ်ဘဲ အတင်းအဓမ္မသိမ်းပိုက်၍ လက်လွတ်ဆုံးရှုံးခဲ့သောမြေအားလက်ရောက်ပြန်လည်ရလိုမှုနှင့် အခင်းဖြစ်မြေအတွင်းရှိ တိုက်အိမ်(၃)လုံး၊ ပစ္စည်းအပါအဝင်နှင့် နှစ်ရှည်ပင်များပျက်စီးမှုအတွက် နစ်နာကြေး ငွေကျပ် (၆၅၀၀၀၀၀၀)တိတိ ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၇ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဘုန်းမော်)**
**ဒုတိယခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မော်လမြိုင်ခရိုင်တရားမရုံးတော်၌
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၂၇

| | | |
|---|---|---|
| ဒေါ်ခင်ခင်ချို | နှင့် | ၁။ ဦးဆန်းဝင်း |
| | | ၂။ ဦးခင်ဝင်း |
| | | ၃။ ဦးတင်ဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ် ၃၉၊ အကွက်အမှတ် ၃၄၊ ဦးပိုင်အမှတ်-၆၀(ခ)၊ ချမ်းဇလမ်း၊ မန္တလေးရပ်ကွက် ရပ်နေ ၂-တရားပြိုင်ဦးခင်ဝင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၇ရက် (၁၃၈၃ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သူခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
### တာချီလိတ်ခရိုင်တရားမရုံး၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၆

| | | |
|---|---|---|
| ဦးကိုဦး | နှင့် | ၁။ ဦးဝင်းဇော်ထိုက် |
| အမှတ်(၈/၁၉၇)၊ မကာဟိုခမ်း(ယာမြေ)ရပ် | | ၂။ ဆားလန် |
| တာချီလိတ်မြို့ | | ၃။ ဇော်အောင်(ခ) အောင်ဇော် |
| | | ၄။ ကိုမျိုး |
| | | ၅။ ကျော်ကြီး |
| **တရားလို** | | **တရားပြိုင်များ** |

(ဝက-၉/၃၈၂)၊ ဝိန်းကျောက်ရပ်ကွက်၊ တာချီလိတ်မြို့(ယခုနေရပ်လိပ်စာမသိ)နေ ကိုမျိုးသိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးကိုဦးက သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၉အရ တရားလိုလက်ရှိ စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိသော မြေနေရာအား တရားနည်းလမ်းအတိုင်းမဟုတ်ဘဲအတင်းအဓမ္မကျူးကျော်ဝင်ရောက်သူများအား ဖယ်ရှားပေးစေ၍ လက်မဲ့ဖြစ်သွားသော မြေအားပြန်လည်လက်ရောက်ရလိုမှုနှင့်အခင်းဖြစ်ခြံထဲရှိ တရားလိုစိုက်ထူထားသော ခြံတိုင်များ ပျက်စီးမှုအတွက် နစ်နာကြေးငွေကျပ်သိန်း (၂၀) တိတိရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံး၊ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၇ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၇ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့် အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဘုန်းမော်)**
**ဒုတိယခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ -၂၂)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် - ၁၆၃နှင့် ဆက်နွယ်သည့်
### ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ် - ၃၄၀

| | | |
|---|---|---|
| ဒေါ်ရီရီဝင်း | နှင့် | ဒေါ်တင်တင်မျိုး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ဒေါ်တင်တင်မျိုး (ဘ)ဦးမျိုးညွှန့် စည်သာ(၄)လမ်း၊ ရပ်ကွက်ကြီး(၁၆)၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၆၃တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ရက် (၁၃၈၃ ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးကျော်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၅၅၆

| | | |
|---|---|---|
| ဒေါ်နွယ်နည်ဝင်း | နှင့် | ဦးဝင်းမောင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၆-၅၇ လမ်းကြား၊ ဗိုလ်ဗထူးလမ်း၊ သင်ပန်းကုန်း၊ ညည-၃၁/(၁၀-ခ)နေ ဦးဝင်းမောင် (ဘ)ဦးငွေဒင် (ယခုနေလိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက် (၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ရက်) နံနက် ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးကျော်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့နယ်၊ အောက်လမ်းမကြီး၊ ကွင်းရပ်ရပ်ကွက်၊ အမှတ် (၇၈၆)နေ ဦးအောင်မင်း-ဒေါ်မြင့်မြင့်ကြည် တို့၏ သား မောင်ပြည့်စုံအောင် ၁၀/မလမ (နိုင်)၁၇၀၂၇၉ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၁၁-၁-၂၀၂၂ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မင်း-ဒေါ်မြင့်မြင့်ကြည်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)

### တာချီလိတ်ခရိုင်တရားမရုံး၌

### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၆

ဦးကိုဦး
အမှတ်(၈/၁၉၇)၊ မကာဟိုခမ်း(ယာမြေ)ရပ်
တာချီလိတ်မြို့

နှင့်

၁။ ဦးဝင်းဇော်ထိုက်
၂။ ဆားလန်
၃။ ဇော်အောင်(ခ) အောင်ဇော်
၄။ ကိုမျိုး
၅။ ကျော်ကြီး

တရားလို / တရားပြိုင်များ

တာဝေမီးစက်အနီး၊ ဝိန်းကျောက်ရပ်ကွက်၊ တာချီလိတ်မြို့(ယခုနေရပ်လိပ်စာမသိ)နေ ဇော်အောင်(ခ)အောင်ဇော် သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးကိုဦးက သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၉အရ တရားလိုလက်ရှိ စီမံခန့်ခွဲလုပ်ကိုင် လျက်ရှိသော မြေနေရာအားတရားနည်းလမ်းအတိုင်းမဟုတ်ဘဲအတင်းအဓမ္မ ကျူးကျော်ဝင်ရောက်သူများအားဖယ်ရှားပေးစေ၍ လက်မဲ့ဖြစ်သွားသောမြေအား ပြန်လည် လက်ရောက်ရလိုမှုနှင့်အခင်းဖြစ်ခြံထဲရှိတရားလိုစိုက်ထူထားသော ခြံတိုင်များပျက်စီးမှုအတွက် နစ်နာကြေးငွေကျပ်သိန်း(၂၀)တိတိရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်ငင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံး၊ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၇ ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရား လိုစွဲချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် ကတင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၇ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဘုန်းမော်)
ဒုတိယခရိုင်တရားသူကြီး
တာချီလိတ်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)

### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌

### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၅၃

ဒေါ်နွယ်ဇာလီလှိုင် နှင့် ဦးတင်ရွှေ
တရားလို / တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ နေကြာ(၂)လမ်း၊ အမှတ်(၃၆၁) နေတရားပြိုင် ဦးတင်ရွှေ (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

